မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလဆန်း ၁၀ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၂၅ ရက်၊ သောကြာနေ့၊ အတွဲ(၄၉)၊ အမှတ်(၈၆)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းရင်းသား စည်းလုံးညီညွတ်ရေး

နေရာဒေသ အနှံ့အပြားမှာ တာဝန်ထမ်းဆောင်ရမယ့် ရဲဘော်တို့ဟာ နယ်မြေဒေသ အသီးသီးက တိုင်းရင်းသားညီအစ်ကိုတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို ဆောင်ရွက်ရင်း တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို တည်ဆောက်ကြရမယ်။ တိုင်းရင်းသားလူမျိုးတွေ တစ်ရာကျော် နေထိုင်တဲ့ ဒို့နိုင်ငံရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အဓိကလိုအပ်ချက်က တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပဲ ဖြစ်တယ်။



ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ပန်ဆင်ရင်း စွမ်းရည်သုံးရပ်ပြည့်စုံရေး လေ့ကျင့်ဆောင်ရွက်
စစ်ဘက်ဆိုင်ရာ သိပ္ပံပညာရပ်နဲ့ စစ်နည်းဗျူဟာများကိုပါ စဉ်ဆက်မပြတ် လေ့လာဆည်းပူး
နိုင်ငံတော်နဲ့ တပ်မတော်က အားထားရမယ့် ဆေးဘက်ပညာရှင်များဖြစ်အောင်ကြိုးစား
ပြည်သူကို အလုပ်အကျွေးပြုရင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုတည်ဆောက်

နေပြည်တော် ဒီဇင်ဘာ ၂၄

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ရဲဘော်တို့-

ဒီကနေ့ဟာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၁) သင်တန်းဆင်းတဲ့ နေ့ပဲဖြစ်တယ်။ နိုင်ငံတော်ကာကွယ်ရေးနဲ့ တပ်မတော်ဆေးဘက်ဆိုင်ရာတာဝန်တွေကို ထမ်းဆောင်ကြမယ့် ရဲဘော်တို့ကို မှာကြားစရာရှိတာတွေ အလေးအနက်မှာကြားလိုတယ်။

စာမျက်နှာ ၈ ကော်လံ ၁ *

25-12 (01).pmd 1 12/25/2009, 2:34 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၅ရက်)

သဘာဝပတ်ဝန်းကျင်ကောင်းများဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပါစို့

သစ်တောသစ်ပင်နှင့် ရာသီဥတုတို့သည် အပြန်အလှန် အမှီသဟဲပြုနေသည်။ သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်သောဒေသများသည် ရာသီဥတုကို ကောင်းမွန်မျှတစေသည်။

တစ်ချိန်က မြေလတ်ပိုင်းဖြစ်သော ပုပ္ပားဒေသတွင် တောင်ကတုံးကို သျှောင်ထုံးပေးသည့်အနေဖြင့် သစ်တောသစ်ပင်များစိမ်းစိုစေရန် စိုက်ပျိုးထိန်းသိမ်းနိုင်ခဲ့၍ ရေဝေရေလဲဒေသအဖြစ် ပုပ္ပားတစ်ခွင် အိုအေစစ်အသွင် စိမ်းစိုခဲ့သည်။

ယခုအခါ အဆိုပါဝန်းကျင်ဒေသများတွင် နိုင်ငံတော်က ဆည်တမံ၊ ရေကန်များ တည်ဆောက်ပေးခဲ့ရာ ပုပ္ပားတောင်ဝန်းကျင်တွင်သာမက မြေလတ်ပိုင်းတစ်ခွင်လုံး သစ်ပင်ပန်းမန်များ၊ စိုက်ခင်းပျိုးခင်းများဖြင့် စိမ်းစိုဝေဆာလာခဲ့ပြီဖြစ်သည်။

မျက်မှောက်ကာလတွင် ကမ္ဘာ့နိုင်ငံအနှံ့အပြား၌ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများကို ဖြစ်ပေါ်စေသော အကြောင်းရင်းများစွာ ရှိနေသည်။ စက်မှုလုပ်ငန်းများမှထုတ်လွှတ်သော ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ဓာတ်ငွေ့များကြောင့် ကမ္ဘာ့အိုဇုန်းလွှာပျက်စီးလာခဲ့သည်။ သစ်တောပြုန်းတီးမှုကြောင့် ရာသီဥတုများ ကစဉ့်ကလျားဖြစ်ပေါ်ကာ ဝင်ရိုးစွန်းရှိရေခဲပြင်များ အရည်ပျော်လာခဲ့သည်။ အပင်၊ သတ္တဝါ နှင့် သဘာဝပတ်ဝန်းကျင်များ ဆက်စပ်နေသည့်ဂေဟစနစ်များ ပျက်ယွင်းခြင်းတို့ ဖြစ်ပေါ်စေလျက်ရှိသည်။

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမရှိရန် ပြည်နယ်နှင့်တိုင်းအသီးသီး၌ အမျိုးသား သဘာဝနယ်မြေများ သတ်မှတ်ထူထောင်ကာ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများ တိုးချဲ့ဖွဲ့စည်းထားသည်။ ထို့ပြင် သစ်တောစိုက်ခင်းများထူထောင်ခြင်း၊ မိုးရာသီလူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးခြင်း၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းခြင်း၊ ရွှေ့ပြောင်းတောင်ယာစနစ်ပပျောက်ရေး စီမံချက်များရေးဆွဲခြင်းတို့ဖြင့် ထိန်းသိမ်းကာကွယ်လျက်ရှိသည်။

နိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသများတွင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောစိုက်ခင်းများကို တိုးချဲ့ထူထောင်ခဲ့ရာ ၂၀၀၈-၂၀၀၉ခုနှစ်အထိ သစ်တောစိုက်ခင်းဧကသုံးသိန်းအထိ စိုက်ပျိုးထူထောင်ထားပြီးဖြစ်သည်။

သို့ဖြစ်ရာ နောင်လာမည့်မျိုးဆက်သစ်များအတွက် မြန်မာနိုင်ငံ၏သဘာဝပတ်ဝန်းကျင်ကောင်းများ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူများက တာဝန်သိသိ ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၅-၁၂-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အိုင်စီတီသုတ
၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅ ၅။ မဟာဂီတ ချိုကြည်မြ
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ ရေခဲနေသော ကမ္ဘာ (အပိုင်း -၁)
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်
၆း၃၀ ၁၄။ **ရွှာ** ဟာသဇာတ်လမ်းတွဲ **ကျော်က ကနေသည်** သရုပ်ဆောင်- မေတ္တာ၊ နောက်တိုး၊ စုစုစိုးစံ၊ ခိုင်ဇင်
၆း၅၀ ၁၅။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူ့မေတ္တာ** (အပိုင်း-၄)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ ရှင်သန်နေသော သီချင်းများ တေးရေး-ဟဲလေး၊ တစ်နေရာစာ (အပိုင်း-၂)
၂၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လှုငယ်ပေါင်ချိန်** တတိယတွဲ (အပိုင်း-၃၉)

အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း မြစ်ဆုံရေလှောင်တမံစီမံကိန်း လုပ်ငန်းစတင်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဧရာဝတီမြစ်ဆုံ ရေလှောင်တမံစီမံကိန်းလုပ်ငန်း စတင်ခြင်းအခမ်းအနား

တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဝန်ကြီးများ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၄

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် တာဝန်ရှိသူများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Power Investment Corporation (CPI) မှ President Mr. Lu Qizhou နှင့်အဖွဲ့ဝင်များလိုက်ပါလျက် ဒီဇင်ဘာ ၂၁ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တန်ဖဲရွာအနီး မေခ-မလိခမြစ်ဆုံအောက်ဘက်ရှိ ဧရာဝတီမြစ်ဆုံ ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိရာ ရှေးဦးစွာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၅) တည်ဆောက်ရေးမှ ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စီမံကိန်းလုပ်ငန်းဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် မြစ်ဆုံရေလှောင်တမံစီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

တက်ရောက်

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများနှင့် China Power Investment Corporation (CPI) ဥက္ကဋ္ဌတို့သည် မြစ်ဆုံရေလှောင်တမံစီမံကိန်းလုပ်ငန်း စတင်ခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယဥက္ကဋ္ဌ Mr. Zong Hua၊ (CPI) ဒုတိယဥက္ကဋ္ဌ Mms. Zhang Xiaolu နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း၊ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် China Power Investment Corporation (CPI) ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ (CPI)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လုပ်ငန်းစတင်ခြင်းအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ စက်ယန္တရားကြီးများဖြင့် လုပ်ငန်းစတင်လုပ်ဆောင်နေမှု၊ မြစ်ဆုံရေလှောင်တမံစီမံကိန်း၏ ပင်မတမံ လျာထားနေရာကို ကြည့်ရှုစစ်ဆေးကြသည်။

တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း၊ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် China Power Investment Corporation (CPI) မှ President Mr. Lu Qizhou နှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၂ရက် နံနက်ပိုင်းတွင် ချီဖွေမြို့ရှိ ချီဖွေငယ်ရေလှောင်တမံစီမံကိန်း ဓာတ်အားပေးစက်ရုံ (Power House) တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးရာ အမှတ်(၅) တည်ဆောက်ရေးမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ပန်ဝါမြို့ရှိ ပန်ဝါကုန်သွယ်ရေးစခန်း ဖွင့်လှစ်မည့်နေရာ၌ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူက မြေနေရာ ရွေးချယ်ထားမှုနှင့် ဝန်ထမ်းများ ခန့်အပ်ဖွဲ့စည်းမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းတို့က လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောသရုပ်ပြ

တောင်ငူ ဒီဇင်ဘာ ၂၄

တောင်ငူခရိုင်နှင့် ရေတာရှည်မြို့နယ် မီးသတ်ဦးစီးဌာနတို့မှ ကြီးမှူး၍ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၈ရက် မွန်းလွဲပိုင်းက တောင်ငူခရိုင် ရေတာရှည်မြို့နယ် ဆွာမြို့ သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန လက်အောက်ရှိ အခြေစိုက်အလုပ်ရုံ၌ ကျင်းပသည်။ အခမ်းအနားတွင် အလုပ်ရုံမန်နေဂျာ ဦးအေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ရေတာရှည်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကြည်ထွန်းက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြကြသည်။ ***(အောက်ပုံ)*** *(ဝ၄၇)*



ဂုဏ်ပြုချီးမြှင့်စကားပြောကြား

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းနှစ်ဦးနှင့် မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုချီးမြှင့်စကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၅-၁၂-၂၀၀၉(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၅။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
၈း၀၀ ၆။ သံသာချိုအေး မင်္ဂလာတေး
၈း၁၀ ၇။ မြန်မာပြည်တစ်ဝန်း လွှင့်ပျံ့နေမည့် မြန်မာ့ရုပ်သံနှင့် ဆက်စပ်လိုင်း
၈း၁၅ ၈။ အတီးပြိုင်ပွဲ
၈း၃၀ ၉။ **မြို့ကြီးသား ယဉ်ကျေးမှု**
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ အကပြိုင်ပွဲ
၈း၅၀ ၁၂။ ကြေးမုံရိပ်သွင် တေးနုယဉ်

ညပိုင်း

၄း၀၀ ၁။ Myanmar National League MNL Cup(၂၀၀၉)ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (Delta United F.C နှင့် မကွေး F.C)
၄း၅၀ ၂။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
၄း၅၅ ၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၀၅ ၄။ နှောင်းခေတ်တေးပဒေသာ
၅း၂၀ ၅။ **ပဋ္ဌာန်းလက်ကျောင်းတော်**
၆း၀၀ ၆။ ညနေခင်းသတင်း
၆း၁၅ ၇။ မိုးလေဝသအခြေအနေ
၆း၂၀ ၈။ ရသစုံလင် အင်တာနက်ဥယျာဉ်
၆း၄၅ ၉။ ပန်းချစ်သူတို့ရဲ့ ပန်းမြို့တော်
၇း၀၀ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလောင်းရိပ်** (အပိုင်း-၂၄)
၈း၀၀ ၁၁။ ပြည်တွင်းသတင်း
၁၂။ နိုင်ငံတကာသတင်းများ
၁၃။ မိုးလေဝသအခြေအနေ
၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကိုယ်ရံတော်** (အပိုင်း-၃)
၁၅။ သီချင်းချစ်သူ (ထူးအယ်လင်း)

❒ *ကျော်ဖုံးမှ*

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ တပ်မတော်စစ်ဆေးရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းထိုက်၊ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဆင့်၊ စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးလှဋ္ဌေးဝင်း၊ တပ်မတော်စစ်ဆေးရေးနှင့် စာရင်းစစ်ချုပ်(ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီးမောင်ရှိန်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ဌေးဦး၊ ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဦးသောင်း၊ ဦးညဏ်ဝင်း၊ ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မောင်ဦး၊ ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဗိုလ်မှူးချုပ်လွန်းသီ၊ ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒေါက်တာကျော်မြင့်၊ ဒေါက်တာချမ်းငြိမ်း၊ ဗိုလ်ချုပ်အောင်မင်း၊ ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဦးအောင်ကြည်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဇော်ဝင်းနှင့် ဗိုလ်ချုပ်သိုးထိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သိန်းဌေး၊ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်မှူးချုပ်လှမြင့်၊ ဗိုလ်ချုပ်ကျော်ညွန့်၊ ဗိုလ်မှူးချုပ်သန်းစိုး၊ ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဗိုလ်မှူးကြီးလှမြင့်၊ ဗိုလ်ချုပ်သန်းအောင်၊ ဗိုလ်ချုပ်ဌေးသိန်း၊ ဗိုလ်ချုပ်ညဏ်ထွန်း၊ ဗိုလ်ချုပ်သန်းဌေး၊ ဗိုလ်ချုပ်စိန်လင်း၊ ဗိုလ်ချုပ်အေးမြင့်၊ ဗိုလ်ချုပ်လှိုင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဝန်ကြီးများ၊ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ထွန်းနေလင်းနှင့် တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသောကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးသည်။

ချီတက်အလေးပြု

ယင်းနောက် ဗိုလ်လောင်းတပ်ခွဲများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ဆုများချီးမြှင့်

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁)မှ အောင်စစ်သည်ဆုနှင့် လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၂၄၁၆) ဗိုလ်လောင်းဘုန်းဇော်ခိုင်နှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၂၅၁၉) ဗိုလ်လောင်း ဝဏ္ဏတိုင်းကျော်တို့အား ဆုများအသီးသီး ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဗိုလ်လောင်းတပ်ခွဲများအား မိန့်ခွန်းပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

မိဘများအားတွေ့ဆုံ

စစ်ရေးပြ အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁)မှ ထူးချွန်ဆုရ ဗိုလ်လောင်းနှစ်ဦးနှင့် ယင်းတို့၏မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုချီးမြှင့်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုင်းတုံ၊ မိုင်းဆတ်နှင့် ပုံပါကျင်မြို့နယ်တို့၌
ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၄

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးသည် ဒီဇင်ဘာ ၁၄ ရက် နံနက် ၆ နာရီက ကျိုင်းတုံ-တာချီလိတ်-မိုင်းဆတ်ကားလမ်းတစ်လျှောက် လမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုင်းဆတ်မြို့နယ် မိုင်းတွမ်းကျေးရွာအုပ်စု လွယ်ပါရင်စံပြကျေးရွာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျေးရွာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ အဝတ်အထည်၊ စားသောက်ကုန်နှင့် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်သည်။

တိုင်းမှူးသည် ဒီဇင်ဘာ ၁၆ရက်တွင် ပုံပါကျင်မြို့နယ် မုံးထော်ကျေးရွာရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အဝတ်အထည်နှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်ကာ ဒေသခံပြည်သူများအား ဆေးဝါးကုသပေးနေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ပုံပါကျင်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးပစ္စည်းများ ပေးအပ်ကာ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် တိုင်းမှူးသည် ပုံပါကျင်မြို့နယ် နမ့်ဟူးခွန် ကျေးရွာ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး အဝတ်အထည်၊ အားကစားပစ္စည်း၊ ကျောင်းသုံးဗလာစာအုပ်များ၊ ဆေးဝါးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကိုပေးအပ်ကာ ဒေသ၌စိုက်ပျိုးထားသော ရော်ဘာပင်များကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ချိုင်ဇောက်ကျေးရွာတွင် အလှူရှင် စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေကို မကွေးတိုင်း စည်ပင်ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်ဟန်က လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တောင်စွန်း အထက ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၄

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းအထက၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၃ရက် ညနေ ၃နာရီတွင် အထကရင်ပြင်၌ ကျင်းပရန် စီစဉ်ထားသည်။

လှူဒါန်းနိုင်

ပူဇော်ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို ဦးဝင်းသန်း ဖုန်း-၀၉-၈၇-၂၁၀၁၂၊ ဦးညွန့်အောင် ဖုန်း-၀၁-၅၇၈၅၅၂၊ ဦးမြင့်ဝင်း ဖုန်း-၀၉-၅၁-၈၈၇၉၂၊ ဦးညီဌေး ဖုန်း-၀၉-၅၀-၃၁၁၈၉၊ ဦးသက်ကိုကို ဖုန်း-၀၅၇-၇၀၁၁၅၊ ဦးကျော်လွင် ဖုန်း-၀၉-၈၇-၆၁၆၁၃၊ ဒေါ်ခင်သန်းအေး ဖုန်း-၀၉-၂၀၁၂၄၆၅၊ ဦးခင်မောင်စိုး ဖုန်း-၀၁-၅၄၀၁၈၉ နှင့် ဦးဝင်းလှိုင် ဖုန်း-၀၉-၅၁-၀၀၁၀၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကမ္ဘာတစ်ဝန်း၌ A(H1N1) တုပ်ကွေးရောဂါဖြင့် သေဆုံးသူတစ်သောင်းကျော်ရှိ

ဂျီနီဗာ ဒီဇင်ဘာ ၂၄

ယခုနှစ် ဧပြီလက စတင်ဖြစ်ပွားခဲ့သည် A(H1N1)တုပ်ကွေးရောဂါကြောင့် ကမ္ဘာတစ်ဝန်း၌ သေဆုံးသူ စုစုပေါင်းမှာ ၁၁၅၁၆ဦး ရှိသွားပြီဖြစ်ကြောင်း ဒီဇင်ဘာ ၂၃ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)က သတင်းထုတ်ပြန်သည်။

ပြန့်ပွား

A(H1N1)တုပ်ကွေးရောဂါဖြင့် အမေရိကမှ သေဆုံးသူဦးရေ ၆၆၇၀နှင့် ဥရောပမှ ၂၀၄၅ဦး ပါဝင်ပြီး ပစိဖိတ်အနောက်ပိုင်းနှင့် အရှေ့တောင်အာရှနိုင်ငံများမှ သေဆုံးသူ ၉၉၀နှင့် အာဖရိကမှ ၁၀၉ဦး သေဆုံးလျက်ရှိသည်။ မြောက်အမေရိကမှ စတင်ဖြစ်ပွားခဲ့သည့် A(H1N1) တုပ်ကွေးရောဂါသည် နိုင်ငံပေါင်း ၂၀၈နိုင်ငံသို့ ကူးစက်ပြန့်ပွားခဲ့သည်။ (အင်တာနက်)

ဂျမေကာနိုင်ငံ ကင်းစတန်မြို့၌ လေယာဉ်လမ်းချော် ခရီးသည် ၉၁ဦး ထိခိုက်ဒဏ်ရာရ

ကင်းစတန် ဒီဇင်ဘာ ၂၄

ဂျမေကာနိုင်ငံ ကင်းစတန်မြို့ရှိ နော်မန်မန်လီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့အဆင်းတွင် ဒီဇင်ဘာ ၂၃ရက်က အမေရိကန်လေကြောင်းလိုင်းပိုင် ဘိုးရင်း-၇၃၇လေယာဉ် လေဆိပ်သို့အဆင်း၌ လမ်းချော်မှုဖြစ်ပွားခဲ့ရာ(အပေါ်ပုံ) ခရီးသည် ၉၁ ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။

ပျက်စီး

ဒဏ်ရာရရှိသူများအနက် လေးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း၊ လေယာဉ်လမ်းချော်မှုကြောင့် လေယာဉ်ညာဘက်အင်ဂျင်နှင့် ဘယ်ဘက်အဆင်းဂီယာမှာ ပျက်စီးသွားကာ လေယာဉ်ကိုယ်ထည်မှာလည်း ထက်ပိုင်းကျိုးသွားကြောင်း လေဆိပ်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

လိုက်ပါ

လေယာဉ်ဆင်းချိန်တွင် မိုးသည်းထန်စွာရွာသွန်းလျက်ရှိပြီး လေယာဉ်ပေါ်တွင် လေယာဉ်အမှုထမ်းခြောက်ဦးနှင့် ခရီးသည် ၁၄၈ဦး လိုက်ပါခဲ့ကြောင်း သိရသည်။ အမ်အင်န်အေ၊ဆင်ဟွာ

မနီလာ၌မီးလောင်၊ အိမ်ခြေ ၁၀၀၀ခန့်ပျက်စီး

မနီလာ ဒီဇင်ဘာ ၂၄

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ပြင်ရှိ ဆင်ခြေဖုံးရပ်ကွက်တစ်ခု၌ ဒီဇင်ဘာ ၂၃ ရက်က မီးလောင်မှုဖြစ်ပွားရာ အနည်းဆုံးအိမ်ခြေ ၁၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး မိသားစု ၃၀၀၀ ကျော်မှာ အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့ရသည်။

မီးလောင်ကျွမ်း

မီးမှာ နံနက် ၁၀ နာရီခွဲကစတင်လောင်ကျွမ်းခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်မှုကြောင့် မွန်းလွဲပိုင်းအချိန်ရောက်မှသာ မီးငြိမ်းသွားခဲ့ကြောင်း၊ ချက်ပြုတ်ပြီး မီးကျွင်းမီးကျန်မှနေ၍ လောင်ကျွမ်းခြင်းဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့အကြီးအကဲ ကော်ဒီတာက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဩစတြေးလျတောင်ပိုင်း၌ တောမီးလောင်

ကင်ဘာရာ ဒီဇင်ဘာ ၂၄

ဩစတြေးလျနိုင်ငံတောင်ပိုင်း၌ ဒီဇင်ဘာ ၂၃ရက်က တောမီးလောင်မှုဖြစ်ပွားရာ အိမ်ခြေများစွာ ပျက်စီးခဲ့ရကြောင်း ဒေသအာဏာပိုင်အဖွဲ့က ပြောကြားသည်။

နှိုးဆော်ထား

ယင်းဖြစ်ပွားချိန်၌ လေပြင်းများတိုက်ခတ်မှုကြောင့် အဆိုပါတောမီးသည် ဗစ်တိုးရီးယားပြည်နယ် ကင်းစတုန်းမြို့သို့ ကူးစက်လာဖွယ်ရှိ၍ ဒေသခံပြည်သူများအား ဘေးကင်းရာသို့ရွှေ့ပြောင်းရန် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့က နှိုးဆော်ထားသည်။ (အင်တာနက်)

ကာဗွန်ဒိုင်အောက်ဆိုက်ကင်းစင်သည့် ရှော့ပင်းမောလ်ကြီး ဖင်လန်နိုင်ငံ၌ ပထမဦးဆုံး တည်ဆောက်မည်

ဟယ်စင်ကီ ဒီဇင်ဘာ ၂၄

ဖင်လန်နိုင်ငံ အနောက်ဘက် ကမ်းခြေမြို့တော် ပိုရီမြို့တွင် ယာဉ်မဝင်ရသော ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှုကင်းသည့် ပထမဆုံးရှော့ပင်းမောလ်ကြီးတည်ဆောက်သွားမည်ဟု ဖင်လန်နိုင်ငံထုတ် ဟယ်လ်စင်ဂင်ဆာနိုမတ် နေ့စဉ်သတင်းစာ၌ ဒီဇင်ဘာ ၂၂ရက်က ဖော်ပြခဲ့သည်။

မျက်နှာပြင်ဧရိယာအကျယ်အဝန်း စတုရန်းမီတာ ၅၅၀၀၀ ရှိမည့် အဆိုပါရှော့ပင်းမောလ်ကြီး ဆောက်လုပ်ရေးလုပ်ငန်းများကို ၂၀၁၀ခုနှစ် ဆောင်းဦးရာသီတွင် စတင်မည်ဖြစ်ကြောင်း၊ ရှော့ပင်းမောလ်ကြီးတည်ဆောက်မည့် ကုန်ကျစရိတ်မှာ ယူရိုငွေ သန်း ၁၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားသည်။

တည်ဆောက်ထား

ယင်းရှော့ပင်းမောလ်ကြီး တည်ဆောက်ရေး စီမံကိန်းတွင် ရေရှည်ခိုင်ခံ့ရေးကိစ္စကို ထည့်သွင်းစဉ်းစားထားကြောင်း၊ ပိုရီမြို့၏ ဗဟိုပန်းခြံမှ လမ်းလျှောက်သွားနိုင်သည့်အကွာအဝေး၌ တည်ဆောက်မည်ဖြစ်ကြောင်း၊ ပန်းခြံမှထိုရှော့ပင်းမောလ်သို့ ကားဖြင့် သွားရန်မလိုကြောင်းဖြင့်လည်း သိရသည်။

စီစဉ်ပေးထား

ထိုရှော့ပင်းမောလ်ကြီးတွင် အပူပေးကိရိယာများ တပ်ဆင်ထားမည်မဟုတ်ကြောင်း၊ ဘူမိအပူဓာတ်ဖြင့် အပူအအေးမျှတစေရန် စီစဉ်ပေးထားမည်ဖြစ်ရာ သီးခြားအပူပေးကိရိယာ မလိုကြောင်းဖြင့်လည်း သိရသည်။ (အင်တာနက်)

ဖျော်ဖြေတင်ဆက်

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် နှစ်သစ်ကြိုဆိုပွဲ အထိမ်းအမှတ် ကပွဲတွင် နိုင်ငံတကာမှ ကျောင်းသူလေးများ၏ ပြဇာတ်ဖျော်ဖြေတင်ဆက်မှုကို ဒီဇင်ဘာ ၂၃ ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

စစ်သွေးကြွများ စိမ့်မဝင်ရေး အယ်လ်ဂျီးရီးယား ကြိုတင်ကာကွယ်

အယ်လ်ဂျီးယာ့စ် ဒီဇင်ဘာ ၂၄

အယ်လ်ဂျီးရီးယားအစိုးရသည် နိုင်ငံအတွင်းသို့ စစ်သွေးကြွများ စိမ့်ဝင်လာမည့်အရေးကို တားဆီးကာကွယ်ရန်အတွက် မာလီ၊ နိုင်ဂျာနှင့် မော်ရီတေးနီးယားနိုင်ငံတို့နှင့် ဆက်စပ်လျက်ရှိသော နယ်စပ်ဒေသများ၌ တပ်ဖွဲ့ဝင် ၃၀၀၀ကို တပ်ဖြန့်ချထားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းစာက ဖော်ပြသည်။

သတ်မှတ်

အယ်လ်ဂျီးရီးယားအစိုးရနှင့် အိမ်နီးချင်းသုံးနိုင်ငံ အစိုးရများအနေဖြင့် နယ်စပ်ဒေသတစ်လျှောက်တွင် ကန့်သတ်နယ်မြေများ သတ်မှတ်သည်ဟုဆိုသည်။

သဘောတူညီ

အယ်လ်ဂျီးရီးယားနိုင်ငံအပါအဝင် မာလီ၊ မော်ရီတေးနီးယားနှင့် နိုင်ဂျာနိုင်ငံများသည် အယ်လ်ခိုင်ဒါစစ်သွေးကြွများ၏ ခြိမ်းခြောက်မှုဖြင့် ရင်ဆိုင်နေရမှုကို ကာကွယ်တားဆီးရန် လေးနိုင်ငံခေါင်းဆောင်များက သဘောတူညီကြသည်။ (အင်တာနက်)

တရုတ်ကုန်သွယ်မှုကဏ္ဍ တွန်းအားပေး မြှင့်တင်

ပေကျင်း ဒီဇင်ဘာ ၂၄

တရုတ်နိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍ၌ ပြည်ပဝယ်လိုအား အခြေခိုင်မာရန် ရှေ့နှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံရေးမူဝါဒအရ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၂ရက်တွင် ပြည်နယ်သတင်းဌာန (အက်စ်အိုင်စီ)က သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်မှုနယ်ပယ်ကဏ္ဍတွင် တွန်းအားပေးဆောင်ရွက်လျက်ရှိရာ ကမ္ဘာပေါ်တွင် ကုန်စည်တင်ပို့မှု၌ ဒုတိယအကြီးဆုံး နိုင်ငံဖြစ်ပြီး ရှေ့နှစ်အတွင်း ပို့ကုန်ကဏ္ဍ ဦးမော့နိုင်ရေးကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ဒေသတွင်းနှင့် နိုင်ငံပေါင်း ၁၉ နိုင်ငံရှိ ကုန်သွယ်မှု ၁၀၃ခုတွင် တရုတ်နိုင်ငံ၏ ကုန်ထုတ်ကဏ္ဍကိုလည်း စိစစ်လျက်ရှိကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

မျှော်မှန်းထား

တရုတ်နိုင်ငံ၏ ပို့ကုန်ကဏ္ဍသည် ခြောက်ရာခိုင်နှုန်းနှင့် သွင်းကုန်ကဏ္ဍသည် ၁၁ ရာခိုင်နှုန်း နှစ်ချင်းအလိုက် တိုးမြှင့်လျက်ရှိပြီး ၂၀၁၀ ခုနှစ်တွင် ကုန်သွယ်မှုကဏ္ဍ၌ အမေရိကန်ဒေါ်လာ ၁၈၄ ဘီလီယံရရှိနိုင်ကြောင်း မျှော်မှန်းထားရှိသည်။ အမ်အင်န်အေ၊ဆင်ဟွာ

ဘူလ်ဂေးရီးယား တပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်သို့ ထပ်မံစေလွှတ်ဖွယ်

ဆိုဖီယာ ဒီဇင်ဘာ ၂၄

ဘူလ်ဂေးရီးယားနိုင်ငံသည် ၂၀၁၀ ခုနှစ်တွင် အာဖဂန်နစ္စတန်သို့ ဘူလ်ဂေးရီးယား တပ်ဖွဲ့ဝင် ၁၀၀ ထပ်မံစေလွှတ်ဖွယ်ရှိကြောင်း၊ ယင်းတပ်ဖွဲ့ဝင်များကို အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာရှိ နိုင်ငံတကာတပ်ဖွဲ့မှ ဘူလ်ဂေးရီးယားတပ်ဖွဲ့နှင့် ပေါင်းပေးမည်ဖြစ်ကြောင်း ဘူလ်ဂေးရီးယား ကာကွယ်ရေးဝန်ကြီး နီကိုလေမလာဒီနော့က ဒီဇင်ဘာ ၂၂ ရက်၌ ပြောကြားသည်။

ပြောကြား

ဘူလ်ဂေးရီးယား ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၀ခုနှစ် ဇန်နဝါရီ အစပိုင်းတွင် ကန်ဒါဟာရှိ မိမိတို့ ဘူလ်ဂေးရီးယားတပ်ဖွဲ့ကို တပ်ဖွဲ့ဝင် ၂၀ သို့မဟုတ် ၃၀အထိ တိုးပေးရန် ဘူလ်ဂေးရီးယားဝန်ကြီးများကောင်စီကို မေတ္တာရပ်ခံတင်ပြမည်ဖြစ်ကြောင်း၊ ထပ်မံ၍ ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင် ၅၀ သို့မဟုတ် ၇၀အထိ ထပ်မံတိုးပေးရန် မေတ္တာရပ်ခံမည်ဖြစ်ကြောင်း၊ ဤသို့ဖြင့် လာမည့်နှစ်တွင် တိုးပို့ပေးမည့် ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင် ၁၀၀အထိရှိသွားမည်ဖြစ်ကြောင်း ဘူလ်ဂေးရီးယား ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

တွေ့ဆုံမေးမြန်း

ယင်းနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးက ပြည်ပရောက် ဘူလ်ဂေးရီးယားတပ်ဖွဲ့ အကြီးအကဲများအား ဗီဒီယိုနှင့်တယ်လီဖုန်း တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ ထိုတွေ့ဆုံမေးမြန်းပွဲသို့ သတင်းစာဆရာများလည်း တက်ရောက်ခဲ့ကြသည်။

တပ်စွဲထား

ယခုအခါ ကဘူးလ်နှင့်ကန်ဒါဟာရှိ စစ်စခန်းနှစ်ခုတွင် တပ်စွဲထားသော အာဖဂန်နစ္စတန်ရှိ ဘူလ်ဂေးရီးယားတပ်ဖွဲ့များကို ပေါင်းစည်းပေးမည်ဖြစ်ကြောင်းလည်း ပြောကြားသည်။ ယခုအချိန်၌ အာဖဂန်နစ္စတန်တွင် ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင် ၆၄၃ ဦး တပ်စွဲထားသည်။ (အင်တာနက်)

ရှင်းလင်း

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကုန်တိုက်အဆောက်အအုံပြိုကျမှုဖြစ်ပွားပြီးနောက် ရှင်းလင်းရေးလုပ်ငန်းဆောင်ရွက်နေသည်ကို ဒီဇင်ဘာ ၂၃ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အင်ဒိုနီးရှား၌ ကုန်တိုက်ပြိုကျ သုံးဦးသေဆုံး ၁၃ဦး ဒဏ်ရာရရှိ

ဂျကာတာ ဒီဇင်ဘာ ၂၄

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ ကုန်တိုက်ဟောင်းတစ်ခုကို အသစ်ပြုပြင်ဆောက်လုပ်နေစဉ် ပြိုကျသဖြင့် သုံးဦး သေဆုံးပြီး အခြား ၁၃ဦး ဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာသတင်းဌာနက ထုတ်လွှင့်သည်။

ပိတ်မိနေ

ဒီဇင်ဘာ၂၃ရက် ဒေသစံတော်ချိန် နံနက် ၁၀နာရီခွဲက ယင်းသို့ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေဆုံး၊ဒဏ်ရာရရှိသူအများစုမှာ ဆောက်လုပ်ရေးအလုပ်သမားများဖြစ်ကြောင်းနှင့် အပျက်အစီးများကြားတွင် ပိတ်မိနေသူများရှိသေးကြောင်း ရဲတပ်ဖွဲ့ဝင် တစ်ဦးက ပြောကြားသည်။ (အင်တာနက်)

ကမ္ဘာတစ်ခွင် ၂၀၀၉ ခုနှစ်ကို သတင်းအနှစ်ချုပ်ရပါလျှင်....

ဤအချိန်ကာလသည် ၂၀၀၉ ခုနှစ် နှစ်ဟောင်းကုန်၍ ၂၀၁၀ သို့ နှစ်သစ်ကူးတော့မည့်ချိန်ခါသမယဖြစ်သည်။ ၂၀၀၉ခုနှစ်သည် လွန်ခဲ့သည့် ဆယ်စုနှစ်အတန်ကြာအတွင်း၌လည်းကောင်း၊ ၂၁ရာစုနှစ်၏ ပထမဆယ်နှစ်အတွင်းတွင် လည်းကောင်း ထူးခြားသည့် နှစ်ဖြစ်သည်။

မြန်မာ့အလင်း ဘာသာပြန်စာတည်းအဖွဲ့ စုစည်းရေးသားသည်

၂၀၀၉ ခုနှစ် အစ၊ အလယ်၊ အဆုံးကို သမင်လည်ပြန်ကြည့်သောအခါ လေ့လာတွေ့ရှိရသည့် နိုင်ငံတကာ၌ ထူးခြားဖြစ်စဉ် သတင်းအနှစ်ချုပ်ကို စုစည်းဖော်ပြရပါလျှင် ....။

အမေရိကန်သမ္မတသစ်

ဘားရက်အိုဘားမားသည် ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၂၀ရက် (အင်္ဂါနေ့)တွင် အမေရိကန်ပြည်ထောင်စု၏ ၄၄ဦးမြောက် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆို၍ ရာထူးလက်ခံလိုက်သည်။

အမေရိကန်သမ္မတ အိုဘားမား။

အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးသော အာဖရိကနွယ်ဖွား လူမည်းသမ္မတ ဘားရက်အိုဘားမား ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားကို ရုပ်မြင်သံကြားမှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ရာ အမေရိကန်ပြည်သူ ၃၈သန်း ကြည့်ရှုခဲ့ကြသည်။

ပထမဆုံးလူမည်းသမ္မတ

အိုဘားမားသည် ကင်ညာနိုင်ငံသား စီးပွားရေးပညာရှင် ဘားရက်အိုဘားမားနှင့် အမေရိကန်နိုင်ငံသူ မနုဿဗေဒပညာရှင် အန်းဒန်ဟမ်တို့မှ ၁၉၆၁ခုနှစ် ဩဂုတ်လ ၄ရက်တွင် မွေးဖွားသည့် အာဖရိကန်-အမေရိကန်တစ်ဦး ဖြစ်သည်။ ဒင်ဗာမြို့၌ ၂၀၀၈ ခုနှစ် ဩဂုတ် ၂၇ရက်က ကျင်းပသည့် ဒီမိုကရက်တစ်ပါတီ အမျိုးသားညီလာခံက အိုဘားမားအား သမိုင်းတွင်သည့် ပထမဆုံး လူမည်းသမ္မတလောင်းအဖြစ် ရွေးချယ်ခဲ့သည်။ တစ်ဖန် နိုဝင်ဘာ ၄ ရက်က အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ရီပတ်ဘလီကင် ပါတီသမ္မတလောင်း အထက်လွှတ်တော်အမတ်ဂျွန်မက်ကိန်းကိုအနိုင်ယူကာ အိုဘားမားသည် ဒီမိုကရက်သမ္မတဖြစ်လာသည်။ ဒုတိယသမ္မတမှာ ဂျိုးဘိုင်ဒင် ဖြစ်သည်။

အိမ်ဝယ်သူအခွန်လျှော့ပေါ့

ယခုနှစ်ကမ္ဘာ့စီးပွားရေးမှာ ၁၉၃၀ခုနှစ်ဝန်းကျင်က ကမ္ဘာ့စီးပွားပျက်ကပ်အလား အထူးဆိုးရွားလာသည်။ အမေရိကန်ပြည်ထောင်စုနှင့်တကွ ကမ္ဘာ့နိုင်ငံအများအပြားတွင် ရိုက်ခတ်လာမှုကြောင့် ဘဏ်များပိတ်ကြရ၊ အလုပ်လက်မဲ့သူများ ကြောက်ခမန်းလိလိ တိုးပွားများပြားလာကြရနှင့်ကြုံရသည်။ ဤအနိဋ္ဌာရုံ၏ အကြောင်းရင်းတစ်ရပ်မှာ အမေရိကန်အိမ်ခြံမြေရာ အရောင်းအဝယ် ပြဿနာဖြစ်သည်။

အတည်ပြု

အိုဘားမားအစိုးရက စီးပွားရေး ပြန်လည်ရှင်သန်ရေး အစီအစဉ်ချမှတ်ရသည်။ ထိုအစီအစဉ်အရ အိမ်ရာဝယ်ယူသူများအပေါ် အခွန်ကောက်ခံမှု ဒေါ်လာ ၁၅၀၀၀ ခန့်အထိ လျှော့ပေါ့ပေးရေး အဆိုပြုချက်ကို အမေရိကန် အထက်လွှတ်တော်မှ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၄ရက်က ကန့်ကွက်မဲမရှိ အတည်ပြုပေးသည်။ အိမ်ရာဝယ်ယူသူများအနေဖြင့် တန်ဖိုး၏ ၁၀ရာခိုင်နှုန်းအထိ အကောက်ခွန် ကင်းလွတ်ခွင့် ရကြမည်ဖြစ်သည်။

အရှေ့အလယ်ပိုင်းအရေး

အရှေ့အလယ်ပိုင်းပြဿနာမှာ သက်တမ်းအရှည်ဆုံးသော ပဋိပက္ခဖြစ်သည်။ အဓိကအားဖြင့် အာရပ်နှင့် အစ္စရေးတို့၏ ပဋိပက္ခ၊ ပါလက်စတိုင်းနှင့် အစ္စရေးတို့၏အရေးသည် အဓိကဖြေရှင်းရမည့်ကိစ္စဖြစ်သည်။ ပါလက်စတိုင်းပြည်သူတို့အတွက် ဖတာအုပ်စုနှင့် ဟားမတ်စ်အုပ်စုဟူ၍ ခေါင်းဆောင်မှုပြဿနာရှိနေပြန်သည်။ စစ်သွေးကြွ ဟားမတ်စ်အုပ်စုက အစ္စရေးနိုင်ငံကို ဒုံးကျည်များဖြင့် အကြိမ် ၂၀၀ကျော် ပစ်ခတ်သည်။

အစ္စရေးက ဂါဇာကမ်းမြောင်သို့ လေကြောင်းမှ လက်တုံ့ပြန်တိုက်ခိုက်ရာ၌ ယခုနှစ်ဆန်းတစ်ပိုင်းတွင် တစ်နေ့တည်း လူ ၂၈၀ ကျော် သေဆုံးခဲ့သည်။ ယင်းမှာ နှစ်ပေါင်း ၆၀အတွင်း ဂါဇာ၌ သွေးအစွန်းဆုံးနေ့ရက်အဖြစ် စံချိန်တင်ခဲ့သည်။ အစ္စရေးသည် တင့်ကားများဖြင့် ဂါဇာကိုစီးနင်းသည့် တစ်ချိန်တည်းမှာပင် အပါချီရဟတ်ယာဉ်များက ဂါဇာကိုဖြတ်ကာ ပျံသန်းစေပြီး မြေပြင်တပ်ကို စီးမိုးအကာအကွယ်ပေးခဲ့သည်ဟု ဆိုပါသည်။ သို့သော် အစ္စရေးသည် မီးလောင်စေသည့် အမြောက်ကျည်ဆန်များ အသုံးပြုသည်ဟု လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၁ရက်က စွပ်စွဲလိုက်သည်။

အစ္စရေးနိုင်ငံတွင် ဖေဖော်ဝါရီ ၁၀ရက်က အထွေထွေ ရွေးကောက်ပွဲ ကျင်းပသည်။ နေတန်ယာဟု၏ ဗဟိုလက်ျာ (လီကွတ်) ပါတီက အနိုင်ရသဖြင့် ဖေဖော်ဝါရီ ၂၀ရက်တွင်

လေကြောင်းမှ တိုက်ခိုက်

ဂါဇာ ကမ်းမြောင်သို့ အစ္စရေးတို့ လေကြောင်းမှ တိုက်ခိုက် သဖြင့် နေအိမ် အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ ရမှုများမှာ....။

ရွေးကောက်ပွဲအနိုင်ရပါတီအနေဖြင့် အစိုးရဖွဲ့စည်းရန် အစ္စရေးသမ္မတရှီမွန်ပီရက်က တာဝန်ပေးသဖြင့် ဝန်ကြီးချုပ်နေတန်ယာဟု အမှူးပြုသော အစ္စရေးအစိုးရအဖွဲ့သစ် အာဏာရရှိလာသည်။ ဟားမတ်စ်အုပ်စုကလည်း အစ္စရေးနိုင်ငံအတွင်း ဒုံးကျည်ဖြင့် ဆက်လက်ပစ်ခတ်လျက်ရှိသည်။ ရှစ်ရက်အတွင်း ဒုံးကျည်နှင့် မော်တာအချက်ပေါင်း ၄၀၀ကျော် ပစ်ကြောင်း၊ ဟားမတ်စ်တို့၏ ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲသွားစေရန် ဂါဇာဒေသကို အစ္စရေးက တုံ့ပြန်အရေးယူခြင်းဖြစ်ကြောင်း အစ္စရေးအမတ်ဆလေမရီဒါက ပြောကြားသည်။ လစ်ဗျားခေါင်းဆောင် ကဒါဖီကမူ ဂါဇာစစ်ပွဲတွင် အာရပ်တို့ပါဝင်ရန် နှိုးဆော်လိုက်သည်။

ဂွမ်တာနာမို အကျဉ်းစခန်း

ကျူးဘားကမ်းခြေရှိ အမေရိကန် ဂွမ်တာနာမို အကျဉ်းစခန်းကို တွေ့ရစဉ်။

အကျဉ်းစခန်း

နာမည်ဆိုးဖြင့်ကျော်ကြားသည့် အီရတ်နိုင်ငံမှ အဘူဂါရိတ်အကျဉ်းထောင်ကို ဘဂ္ဂဒက်မြို့ ဗဟိုအကျဉ်းထောင်ဟု အမည်ပြောင်းကာ ဖေဖော်ဝါရီလတွင် ပြန်လည်ဖွင့်လှစ်လိုက်သည်။

သို့သော် ဂွမ်တာနာမိုအကျဉ်းစခန်းကိုမူ အမေရိကန်တို့က ပိတ်ရန်စီစဉ်သည်။ ကျူးဘားကမ်းခြေရှိ အဆိုပါဂွမ်တာနာမို အကျဉ်းစခန်းကိုပိတ်ရန်၊ လိုအပ်သောပြင်ဆင်မှုများပြုလုပ်ရန် အမေရိကန် ကာကွယ်ရေးဝန်ကြီးရောဘတ်ဂိတ်က ၎င်း၏ လက်ထောက်များအား ညွှန်ကြားသည်။ သမ္မတ အိုဘားမားက အမိန့်ပေးလျှင် အသင့်ဖြစ်ရန် ကြိုတင်စီစဉ်နေခြင်းဖြစ်သည်ဟု ဆိုသည်။ ဂွမ်တာနာမို အကျဉ်းစခန်းပိတ်ပစ်ရေးမှာ သမ္မတ အိုဘားမားအစိုးရ၏ ဦးစားပေးလုပ်ငန်းစဉ်တစ်ခုဖြစ်သည်ဟု ဆိုသည်။

အာဖဂန်နစ္စတန်

အမေရိကန်တပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်နိုင်ငံသို့ ထပ်မံစေလွှတ်ရေးအစီအစဉ်ကို မိမိအတည်ပြု ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း သမ္မတအိုဘားမားက ဖေဖော်ဝါရီ ၁၇ရက်တွင် ကြေညာခဲ့သည်။ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့၏ အနေအထားမှာ လက်နှေးနေ၍မရကြောင်း အခြေအနေက တောင်းဆိုနေသည်ဟုလည်း ၎င်းကပြောကြားသည်။

ကိုးကား-အင်တာနက်

(ဆက်လက်ဖော်ပြပါမည်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ-စုစည်းရေးသားသည်

စစ်ရဟတ်ယာဉ် မက္ကဆီကို၌ ပျက်ကျ တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရရှိ

မက္ကဆီကိုနိုင်ငံတောင်ပိုင်း ဂူအာရီရိုပြည်နယ်၌ ဒီဇင်ဘာ ၂၃ ရက်က စစ်ရဟတ်ယာဉ်တစ်စင်း စက်ချွတ်ယွင်းပြီး ပျက်ကျသဖြင့် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားနှစ်ဦးဒဏ်ရာအပြင်းအထန်ရရှိသွားကြောင်း မက္ကဆီကို ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

ဖိလစ်ပိုင်ကမ်းလွန်၌ ခရီးသည်တင်သင်္ဘောမှောက် ၄၆ဦးကို ကယ်တင်နိုင်ပြီး ၂၇ဦးပျောက်နေ

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းကမ်းလွန်ဒေသတွင် ခရီးသည်တင်သင်္ဘောတစ်စင်း ဒီဇင်ဘာ ၂၄ရက် နံနက်စောစောပိုင်းက တံငါစက်လှေတစ်စင်းနှင့် တိုက်မိရာမှ နစ်မြုပ်သွားကြောင်း၊ ခရီးသည် ၄၆ဦးကို ကယ်တင်နိုင်ပြီး ၂၇ဦးပျောက်ဆုံးနေကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့အာဏာပိုင်များက သတင်းပေးသည်။

ဆီးရီးယားနှင့် တူရကီသဘောတူစာချုပ်များချုပ်ဆို

ဆီးရီးယားနှင့် တူရကီနိုင်ငံတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များကို ဒီဇင်ဘာ ၂၄ရက်တွင် နှစ်နိုင်ငံခေါင်းဆောင်များ လက်မှတ်ရေးထိုးကြပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး ဆက်လက်တိုးမြှင့်သွားရန်လည်း ဆွေးနွေးကြသည်။

သီရိလင်္ကာမြောက်ဘက်၌ ရထားတွဲလမ်းချော် ၂၈ဦးထက်မနည်း ဒဏ်ရာရရှိ

သီရိလင်္ကာနိုင်ငံမြောက်ဘက် အလယ်ပိုင်းဒေသ၌ ဒီဇင်ဘာ ၂၄ရက် စောစောပိုင်းက စာပို့ရထားတွဲသုံးတွဲ လမ်းချော်သဖြင့် ၂၈ဦးထက်မနည်း ဒဏ်ရာရရှိသွားသည်။

အိုဆာကာ၌ ဓာတုစက်ရုံပေါက်ကွဲမှုဖြစ်ပွား

ဂျပန်နိုင်ငံ အိုဆာကာမြို့၌ ဒီဇင်ဘာ ၂၄ရက်က ဓာတုစက်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားရာ လေးဦးသေဆုံးသည်။ ယင်းနေ့နံနက်ပိုင်းက ဓာတုသိုလှောင်ကန်မှ ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး စက်ရုံအမိုးပြိုကျပျက်စီးသည်။ အဆိုပါ ဖြစ်ပွားမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဆေးခြောက် ၁၂၆ကီလိုဂရမ် တူရကီ၌သိမ်းဆည်း

တူရကီအာဏာပိုင်များသည် တူရကီနိုင်ငံအရှေ့ပိုင်းဒေသတွင် ဒီဇင်ဘာ ၂၃ရက်က ဆေးခြောက် ၁၂၆ကီလိုဂရမ်ကို သိမ်းဆည်းရမိလိုက်ကြောင်းဖြင့် အစိုးရအာဘော်တစ်ပိုင်းဖြစ်သော အနာတိုလီယာသတင်းဌာနက သတင်းထုတ်ပြန်သည်။

သံသတ္တုရိုင်းတွင်းပေါက်ကွဲ ရှစ်ဦးထက်မနည်းသေဆုံး

အူရယ်တောင်တန်းရှိ ရုရှားအဲဗရက်အုပ်စုပိုင်သံသတ္တုရိုင်းတွင်း၌ ဒီဇင်ဘာ ၂၃ရက်က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာမှ သတ္တုတွင်းတူးသမားရှစ်ဦးထက်မနည်း သေဆုံးသွားကြောင်း၊ ကျန်တစ်ဦး၏အခြေအနေကို မသိရသေးကြောင်း အူရယ်ဒေသ အရေးပေါ်အခြေအနေဌာန ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်ဟု အင်တာဖက် သတင်းဌာနက ဖော်ပြသည်။

ပထမဦးဆုံး မော်လီကျူးထရန်စစ္စတာ သိပ္ပံပညာရှင်များ တီထွင်

ယေးလ်တက္ကသိုလ်နှင့် တောင်ကိုရီးယားနိုင်ငံ ဂွမ်ကျူးသိပ္ပံနှင့် နည်းပညာတက္ကသိုလ်တို့မှ သုတေသီများပါဝင်သော သိပ္ပံပညာရှင်များအဖွဲ့တစ်ဖွဲ့သည် ဒြပ်တစ်ခု၏ အဏုမြူတို့ဖြင့် ဖွဲ့စည်းထားသော အသေးဆုံးအခြေခံအဖွဲ့အစည်း(မော်လီကျူး)ဖြင့် ပြုလုပ်ထားသည့် ပထမဦးဆုံးမော်လီကျူးဆိုင်ရာ ထရန်စစ္စတာကို အောင်မြင်စွာတီထွင်ဖန်တီးလိုက်နိုင်ပြီဖြစ်သည်။

အမေရိကန်နိုင်ငံ ဝက်စတန်မြို့၌ စာသင်ကျောင်းမီးလောင်

အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက်ပြည်နယ် ဝက်စတန်မြို့ရှိ ပုဂ္ဂလိက စာသင်ကျောင်းအဆောက်အအုံ၌ ဒီဇင်ဘာ ၂၃ရက် နံနက်စောစောပိုင်းက မီးလောင်မှုဖြစ်ပွားရာ ကျောင်းအဆောက်အအုံ ပျက်စီးသွားပြီး ထိခိုက်ဒဏ်ရာရရှိသူမရှိချေ။

(အောက်ပုံ) *(အင်တာနက်)*

25-12 (05).pmd 1 12/25/2009, 2:50 AM

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၁)သင်တန်းဆင်း

ဂုဏ်ပြု ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၂၄

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၁) သင်တန်းဆင်း ဂုဏ်ပြု ညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆နာရီတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ချီးမြှင့်ကြသည်။

ဂုဏ်ပြုညစာစားပွဲတက်ရောက်

အဆိုပါ သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မင်္ဂလာဒုံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် အကြံပေးပုဂ္ဂိုလ်များ၊ ပါမောက္ခဌာနကြီးမှူးများ၊ ပါမောက္ခဌာနမှူးများ၊ ကထိကဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဖျော်ဖြေတင်ဆက်

သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအပြီးတွင် တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၌ မြဝတီတေးဂီတအဖွဲ့နှင့်အတူ မြဝတီတေးဂီတနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ အနုပညာရှင်များက အဆို၊ အကများဖြင့်လည်းကောင်း၊ မြဝတီ အငြိမ့်အဖွဲ့က အငြိမ့်ဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

(သတင်းစဉ်)

သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ တက်ရောက်ချီးမြှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၁) သင်တန်းဆင်း ဂုဏ်ပြု ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကင်းမြို့နယ် (၄)ရပ်ကွက် တိုက် ၂၁၃နေ ဦးမောင်မောင်ခင်-ဒေါ်သန်းနွယ်တို့၏ (၃၇)နှစ်မြောက် မင်္ဂလာအထိမ်းအမှတ်အဖြစ် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ် (၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း၊ အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ နာယက ဗိုလ်မှူးချုပ် အေဘယ်လ်(ငြိမ်း)နှင့် ဒေါက်တာဦးလှမြင့်အောင်တို့က လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

အစိုးရငွေတိုက်စာချုပ်များ ဝယ်ယူရင်းနှီးမြှုပ်နှံနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၄

နိုင်ငံတော်အစိုးရကိုယ်စား မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လက်ရှိထုတ်ဝေရောင်းချနေသော သုံးနှစ်နှင့် ငါးနှစ် အစိုးရငွေတိုက်စာချုပ်များအပြင် နှစ်နှစ်သက်တမ်းရှိ အစိုးရငွေတိုက်စာချုပ်များကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ရက်မှ စတင်၍ ထပ်မံတိုးချဲ့ ထုတ်ဝေရောင်းချမည်ဖြစ်ရာ အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ လွတ်လပ်စွာ ဝယ်ယူနိုင်သည်။

အစိုးရငွေတိုက်စာချုပ် အမျိုးအစားများနှင့် အတိုးနှုန်းများမှာ သက်တမ်း နှစ်နှစ်တွင် ငွေကျပ် တစ်သောင်း၊ တစ်သိန်း၊ တစ်သန်း၊ ၁၀သန်းအတွက် အတိုးနှုန်း ၁၀ ဒသမ ၅ရာခိုင်နှုန်း၊ သက်တမ်း သုံးနှစ်တွင် ငွေကျပ် တစ်သောင်း၊ တစ်သိန်း၊ တစ်သန်း၊ ၁၀သန်းအတွက် အတိုးနှုန်း ၁၁ဒသမ ၀ရာခိုင်နှုန်းနှင့် သက်တမ်း ငါးနှစ်တွင် ငွေကျပ် တစ်သောင်း၊ တစ်သိန်း၊ တစ်သန်း၊ ၁၀သန်းအတွက် အတိုးနှုန်း ၁၁ဒသမ ၅ရာခိုင်နှုန်းဖြစ်သည်။

အတိုးငွေများကို နှစ်ဝက်တစ်ကြိမ် ထုတ်ပေးမည်ဖြစ်ပြီး နှစ်စဉ် မတ် ၁၅ရက်နှင့် စက်တင်ဘာ ၁၅ရက်တို့တွင် ထုတ်ယူနိုင်သည်။ ထို့အပြင် စာချုပ်များကို လွှဲပြောင်းရောင်းချခွင့်ရှိသည်။

အစိုးရငွေတိုက်စာချုပ်များကို နေပြည်တော်၌ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)(နေပြည်တော်) ဘဏ်များဇုန် မြတ်ပန်းသဇင်လမ်းတွင်လည်းကောင်း၊ ရန်ကုန်မြို့၌ မြန်မာ့ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် အမှတ် (၂၁/၂၅) ဆူးလေဘုရားလမ်းနှင့် မြန်မာ့စီးပွားရေးဘဏ် ငွေစုဘဏ်ခွဲ (၁)၊ (၂)၊ (၃)၊ (၄)တို့တွင်လည်းကောင်း၊ မန္တလေးမြို့၌ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ (၁)၊ (၂)၊ (၃)တို့တွင်လည်းကောင်း တိုက်ရိုက်ဝယ်ယူနိုင်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ကျောက်တံတား မြို့နယ်လုံးကျွတ် ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်း

ရန်ကုန် ဒီဇင်ဘာ ၂၄

ရန်ကုန်မြို့ ကျောက်တံတား ပညာရေးမှူးရုံးနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော မြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်းနှင့် အခြေခံပညာမူလတန်းကျောင်းများမှ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ မြို့နယ်လုံးကျွတ် ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်းပွဲကို ယနေ့ နံနက် ၉နာရီခွဲက မြို့နယ်အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း အမှုဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်လှ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကျောင်းကြက်ခြေနီတာဝန်ခံ ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ တိုင်းမီးသတ်ဦးစီးမှူး ရဲသူရိန်သိန်းငွေရွှေ၊ အမှတ်(၃) အခြေခံပညာမှ ညွှန်ကြားရေးမှူး ဦးတင်လှိုင်၊ တိုင်းကြက်ခြေနီ သူနာပြုတပ်ဖွဲ့ ဦးစီးမှူး(ပထမတန်း)မျိုးမင်းနောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆုပေးအပ်ချီးမြှင့်

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းအမှုဆောင် ညွှန်ကြားရေးမှူး ဦးခင်မောင်လှ၊ အမှတ် (၃)အခြေခံပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်လှိုင်တို့က အမှာစကားပြောကြားကြပြီး ဆုရရှိကြသော ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး မြို့နယ်ကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ(၂) မြို့နယ်ပညာရေးမှူး ဒေါ်ဆွေဆွေဝင်းက ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

TV Guide ထုတ်ဝေဖြန့်ချိ

နေပြည်တော် ဒီဇင်ဘာ ၂၄

TV Guide အတွဲ (၁)၊ အမှတ် (၂၅) ကို ဒီဇင်ဘာ၂၅ ရက်**(ယနေ့)**တွင် ဖြန့်ချိ မည်ဖြစ်ကြောင်း သိရသည်။

ယင်း TV Guide တွင် MTV ရုပ်သံလိုင်း၌ ပြသမည့် BET AWARDS 2009 ဆုပေးပွဲအကြောင်း၊ Pop ဂီတဘုရင် Michael Jackson Top 10 Video Countdown အစီအစဉ်၊ ESPN ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် အာဆင်နယ်-အက်စ်တွန်ဗီလာ၊ ဘာမင်ဂမ်-ချယ်လ်ဆီး၊ ဟူး(လ်)စီးတီး-မန်ယူ၊ လီဗာပူး-ဝုဖ်၊ မန်စီးတီး-စတုတ်ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ ၂၀၀၉ ခုနှစ်အတွက် ESPN ဆုချီးမြှင့်ပွဲအကြောင်း၊ Star Sports ရုပ်သံလိုင်းတွင်ပြသမည့် International Motorsport News 2010 ပြိုင်ပွဲအစီအစဉ်အကြောင်း၊ ဆန်းဒါးလန်း-အဲဗာတန်၊ ဖူလ်ဟမ်-တော့တင်ဟမ် ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ Nat Geo Wild ရုပ်သံလိုင်းတွင်ပြသမည့် Rescue Ink အစီအစဉ်နှင့် Africa's Secret Seven အစီအစဉ်အကြောင်း၊ Animal Planet ရုပ်သံလိုင်းတွင်ပြသမည့် ကမ္ဘာပေါ်မှာ တွေ့ရခဲသည့် သမန်းဝံပုလွေများအကြောင်း၊ Wolverine Revealed အစီအစဉ်နှင့် တရုတ်နိုင်ငံ၏ စီချွမ်ငလျင်လှုပ်အပြီး ကျန်ရှိခဲ့သည့် ပန်ဒါလေးများအကြောင်းပြသမည့် Earthquake: Panda Rescue အစီအစဉ်၊ Travel & Living ရုပ်သံလိုင်းတွင် ပြသမည့် Chic Eats: The Green Kitchen အစီအစဉ်၊ NGC ရုပ်သံလိုင်းတွင် ပြသမည့် Inside: Sumo Kids အစီအစဉ်၊ Discovery ရုပ်သံလိုင်းတွင်ပြသမည့် Korea နာမည်ကျော် မင်းသား Lee Byung Hun အကြောင်း တင်ဆက်ပေးမည့် Hip Korea: Lee Byung Hun အစီအစဉ်၊ ကမ္ဘာ့ဓာတ်ပုံအရိုက်ခံရဆုံးမင်းသမီး ဒိုင်ယာနာသေဆုံးခဲ့သည့် အဖြစ်အပျက်အားတင်ဆက်သည့် Unsolved History: Death of Princess Diana အစီအစဉ်၊ မန္တလေး FM တွင် ထုတ်လွှင့်ပေးမည့် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသားကျောင်းသူများအကျိုးရှိစေမည့် အတုယူဖွယ် ထူးချွန်မောင်မယ် အစီအစဉ် အသစ်အကြောင်း၊ MRTV-4 ရုပ်သံတွင် ပြသမည့် ဖြူဖြူကျော်သိန်းနှင့် တွေ့ဆုံခြင်း အစီအစဉ်၊ တေးသံရှင် ခင်မောင်တိုးနှင့် တွေ့ဆုံခြင်းအကြောင်း၊ ချမ်းချမ်း၊ နီနီခင်ဇော်၊ ခင်စုစုနိုင်တို့ပါဝင်သီဆိုထားသည့် FMF အစီအစဉ်နှင့် ပါဝင်နေကျကဏ္ဍများ၊ တစ်ပတ်စာ အစီအစဉ်များပါဝင်သည်။

TV Guide စာစောင်ကို တစ်စောင်လျှင် ငွေကျပ်၅၀၀နှုန်းဖြင့် City Mart များ၊ စိန်ဂေဟာစင်တာများ၊ Shopping Centre များ၊ စာအုပ်ဆိုင်များ၊ ဂျာနယ်ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် အိမ်တိုင်ရာရောက် အစီအစဉ်ရှိနေပြီဖြစ်ကြောင်းနှင့် အပတ်စဉ် သောကြာနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ ခုနှစ် ဒီဇင်ဘာလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၇-၁၂-၂၀၀၉)ရက်နေ့

၂၀၁၀ ခုနှစ် ဇန်နဝါရီလအတွက်

(၁၀-၁-၂၀၁၀) ရက်နေ့

နှင့်

(၃၁-၁-၂၀၁၀) ရက်နေ့

သစ်ပင်စိုက်ပါ ဒီကမ္ဘာ သာယာ လှပ စိမ်းမြမြ

ကျောက်ဆည်ခရိုင်နှင့် မြို့နယ်ရုံးများတွင် တပ်ဆင်ရန် Family For Families Smart Card များပေးအပ်

ကျောက်ဆည် ဒီဇင်ဘာ ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ မီဒီယာလုပ်ငန်းများ ထက်မြက်သွက်လက်ပြီး ပြည်သူလူထုအတွင်း မီဒီယာများ လက်လှမ်းမီစွာ အသုံးပြုနိုင်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)၏ အစီအစဉ်ဖြင့် မန္တလေးတိုင်း ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းသည် ကျောက်ဆည်ခရိုင်အတွင်းရှိ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်ရုံးများတွင် တပ်ဆင်အသုံးပြုရန် Family For Families Smart Card များနှင့် Receiver စက်များလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀နာရီက ကျောက်ဆည်ခရိုင်ရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပခဲ့သည်။ **(အပေါ်ယာပုံ)**

ကျောက်ဆည်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားပြသခန်းမတွင် ၂၉လက်မရုပ်မြင်သံကြားပြစက်ဖြင့် Family For Families Smart Card တပ်ဆင်ပြီး 5-Series၊ 5-Movies၊ 5-Cartoom၊ ESPN၊ Star Sports အစရှိသည့် ရုပ်သံလိုင်းများကို ကြည်လင်ပြတ်သားစွာ ဖမ်းယူ ပြသလျက်ရှိသည်။

အဆိုပါ Smart Card များအား စဉ့်ကိုင်၊ မြစ်သားမြို့နယ်ရုံးများတွင်လည်း တပ်ဆင်ပေးသွားမည်ဖြစ်ပြီး ပြည်သူများ အနေဖြင့် ရုပ်သံလိုင်းများကို အခမဲ့ ကြည့်ရှုနိုင်တော့မည် ဖြစ်သည်။ **(ခရိုင်ပြန်/ဆက်)**

ထူးခြားသည့် ညအပူချိန်များ

၂၄-၁၂-၂၀၀၉

ဟားခါး	-၁ ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၀ ဒီဂရီစင်တီဂရိတ်
နမ့်စန်	၂ ဒီဂရီစင်တီဂရိတ်
ကသာ	၄ ဒီဂရီစင်တီဂရိတ်
လားရှိုး	၅ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၅ ဒီဂရီစင်တီဂရိတ်
မင်းတပ်	၅ ဒီဂရီစင်တီဂရိတ်
မိုးကုတ်	၅ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၆ ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်	၆ ဒီဂရီစင်တီဂရိတ်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၁၂-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**သာသနာပြုရန် နည်းလမ်းမှန်** တရားတော် အရှင်ဇာနေယျ (ရွှေမိုးညို ဆရာတော်)
၇:၀၀	MRTV-4 သတင်း
၇:၄၅	Science Tech Today
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၃၇)
၈:၃၀	Sports World [Dog Challenge (Part-2)]
၈:၅၅	**အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ** ပင်လယ်ကိုဖြတ်၍
၉:၂၅	MovieTalk (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၀:၅၀	လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး (အပိုင်း-၂) ပါမောက္ခဒေါက်တာ ချယ်ရီသန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်းနီ
၁၁:၁၀	Activities in the City [အထက(၂) စမ်းချောင်းအာစရိယ ပူဇော်ပွဲ]
၁၁:၃၀	မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်း
၁၁:၅၀	**အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ** ပင်လယ်ကိုဖြတ်၍
၁၂:၂၅	လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ ကျန်းမာရေး(အပိုင်း-၁) ပါမောက္ခ ဒေါက်တာ ချယ်ရီသန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်းနီ
၁၂:၄၅	Ecotourism ဆွဲဆောင်ဖို့ သဘာဝကို ထိန်းသိမ်းစို့ **ဖိုးကျားဆင်စခန်း** (အပိုင်း-၂)
၁:၀၀	**သာသနာတော်ပြုရန် နည်းလမ်းမှန်** တရားတော် အရှင်ဇာနေယျ (ရွှေမိုးညို ဆရာတော်)
၂:၀၀	MRTV-4 သတင်း
၂:၄၅	World of Knowledge (EXTREME ICE)
၃:၄၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၄:၀၅	Activities in the City [အထက(၂) စမ်းချောင်းအာစရိယ ပူဇော်ပွဲ]
၄:၃၀	ရွှေနန်းဆန်ဆန် ပုဂံဟန်ပန် Aureum Palace အသွင်သဏ္ဌာန်
၅:၀၀	သူတို့ပြောတဲ့ သူတို့အကြောင်း (အကယ်ဒမီ ဇာတ်ညွှန်းငြိမ်းမင်းနှင့် တွေ့ဆုံခြင်း)(အပိုင်း-၂)
၅:၃၀	MRTV -4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV-4 သတင်း
၆:၂၀	အများမြင်စရာ နှစ်ပါးသဘင်မဟာ (မြို့ရွှေမန်းသား ဖိုးချစ်တို့ကတဲ့ ဇာတ်အလှသဘင်)(အပိုင်း-၃)
၇:၀၀	လှပသစ်ဆန်း အလှပြင်ခန်း (Lake Beauty Spa)
၇:၂၀	FMF Selection
၇:၄၅	Science Tech Today
၈:၀၀	MRTV-4 သတင်း
၈:၃၀	VJ Choice
၉:၀၀	သူတို့ပြောတဲ့ သူတို့အကြောင်း (အကယ်ဒမီ ဇာတ်ညွှန်းငြိမ်းမင်းနှင့် တွေ့ဆုံခြင်း)(အပိုင်း-၂)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၃၇)
၁၀:၀၀	ဖက်ရှင်လမ်းညွှန် (အနီရောင်ဖက်ရှင်)
၁၀:၁၅	အလှဆင်စရာ ပရိဘောဂကမ္ဘာ (Myanmar KEK Group Co.,Ltd.)
၁၀:၃၀	လှပသစ်ဆန်း အလှပြင်ခန်း (Lake Beauty Spa)
၁၀:၄၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁:၀၀	ဆီထွက်သီးနှံများထဲမှ **ဆီအုန်း**
၁၁:၁၅	VJ Choice
၁၁:၄၀	ပေါ့ပေါ့ပါးပါး ဂေါက်သီး အားကစား (အခြေခံ) (လက်ကိုင်ပုံစံနည်းစနစ်နှင့်လွှဲချက် တစ်ဝက်ဖြင့် စတင်ခြင်း၊ဂရင်းပေါ်သို့ အနီးမှပစ်တင်ခြင်း)
၁၂:၀၀	သန့်ရှင်းကျန်းမာသော.... အာဟာရပြည့်မှုများနှင့်အတူ
၁၂:၁၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပင်လယ်ကိုဖြတ်၍ဇာတ်ကား ဒုတိယပတ်ပြသ

၂၀၀၉ခုနှစ်အတွင်း ရိုက်ပြီး၊ ဆင်ဆာကျပြီး ဇာတ်ကားသစ် ၂၀ကျော်ရှိ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဒီဇင်ဘာ ၂၄

စနိုးပိုက်ရုပ်ရှင်ထုတ်လုပ်ရေးမှ တင်ဆက်ပြီး ဒါရိုက်တာ မောင်မောင်ဦး(စနိုးပိုက်) ရိုက်ကူးသည့် **ပင်လယ်ကိုဖြတ်၍** ဇာတ်ကားသစ်မှာ သမ္မတနှင့် သွင်ရုံတွင် ဒုတိယပတ်မြောက် ဆက်လက်ပြသလျက်ရှိသည်။

မေတ္တာဘွဲ့

သဘာဝဘေးဆိုးကြောင့် ပင်လယ်ပြင်တွင် မိဘနှစ်ပါးစလုံး ပျောက်ဆုံးသွားရသော မော်ဝင်ကျွန်းမှ မောင်နှမနှစ်ဦးနှင့် ရန်ကုန်မြို့မှ လိုတရနေသူ သူဌေးသားလေးတို့၏ မေတ္တာဘွဲ့ဇာတ်ကားဖြစ်သည်။ ၂၀၀၉ခုနှစ်အတွက် ရန်ကုန်တွင် နောက်ဆုံးရုံတင်သော ဇာတ်ကားလည်းဖြစ်သည်။ ၂၀၀၉ခုနှစ်အတွင်းရိုက်ပြီး၊ ဆင်ဆာကျပြီး ဇာတ်ကားပေါင်း ၂၀ကျော်ရှိသည်ဟု သိရသည်။

မြန်မာ့ပင်လယ်ပြင် သဘာဝအလှအပများနှင့် ပင်လယ်ကိုဖြတ်၍ ဇာတ်ကား ဇာတ်ဝင်ခန်းတစ်ခန်းမှ နိုင်းနိုင်းနှင့် အိန္ဒြာကျော်ဇင်။



ထင်ရှားသက်သေ

ရုပ်ရှင်ဇာတ်ကားသစ် တစ်ကားရုံတင်လျှင် သုံးလေးပတ်သာအချိန်ပေးသည့်တိုင် တစ်နှစ်လုံး ၁၂ကားသာသာပဲ ရုံတင်နိုင်သည်။ အကယ်၍ သုံးပတ်လေးပတ်အတွင်း မြန်မာဇာတ်ကားသစ်နှစ်ကား ရှေ့ဆင့်နောက်ဆင့်ဖြစ်စေ၊ တစ်ပြိုင်တည်းဖြစ်စေ ရုံတင်နိုင်လျှင် တစ်နှစ်အတွင်း ဇာတ်ကားပေါင်း ၂၀ကျော် ရုံတင်နိုင်ပေမည်။ ရန်ကုန်မြို့မှ ဝင်ငွေကောင်းသည့် မင်္ဂလာအုပ်စုပိုင် ရုံငါးရုံရှိသည့်အနက် နေပြည်တော်ရုပ်ရှင်ရုံတစ်ရုံသာ နိုင်ငံခြားဇာတ်ကားသစ်တင်ပြီး ကျန်ရုံလေးရုံမှ နှစ်ရုံစီကို မြန်မာဇာတ်ကားသစ်နှစ်ကား ရုံတင်နိုင်မည်ဆိုပါက ရုံတင်ရက်ရရေး တန်းစီနေရသည့် အခက်အခဲကို လောလောဆယ် ကျော်လွှားနိုင်မည် ဖြစ်ပါသည်။ ရေရှည်အနေဖြင့်မူ မင်္ဂလာအုပ်စုလိုမျိုး အဆင့်မြင့်ရုံများ ရန်ကုန်မြို့လယ်ကောင်တွင် ထပ်မံပေါ်လာမည်ဆိုပါက ရုပ်ရှင်ဈေးကွက် ပိုမိုကျယ်ပြန့်လာပြီး ရုပ်ရှင်ဇာတ်ကားများများ ထွက်ပေါ်လာမည်ဖြစ်ပေသည်။ သွင်ရုပ်ရှင်ရုံမှာ မင်္ဂလာအုပ်စုပိုင်မဖြစ်မီက ဝင်ငွေမကောင်းသော်လည်း မင်္ဂလာအုပ်စုပိုင်ဖြစ်လာပြီးနောက်ပိုင်း ဝင်ငွေကောင်းလာသည်မှာ ထင်ရှားသော သက်သေဖြစ်သည်။

ဝန်ဆောင်မှု

အဆင့်မြင့်ရုံဖြစ်မဖြစ် ဝန်ဆောင်မှု ကောင်းမကောင်းနှင့် တိုင်းတာနိုင်ပါသည်။ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသော ယခုခေတ် ယခုအခါတွင် ဝန်ဆောင်မှု အဓိကကျကြောင်း အဆင့်မြင့်ရုပ်ရှင်ရုံများ၊ အထူးအမြန်ယာဉ်လိုင်းများ၊ Shopping Centre များက သက်သေပြနေပါသည်။ ဇာတ်ကားရိုက်ပြီး အချိန်ကိုက်ပြသနိုင်ရေးနှင့် ရုပ်ရှင်ချစ်သူများ ရုပ်ရှင်ဇာတ်ကားများများကြည့်ရှုနိုင်ရေး ညှိနှိုင်းစီစဉ်သင့်ပြီဖြစ်ကြောင်း အကြံပြုလိုက်ရပါသည်။

ကြည့်ကြရမည့်ဇာတ်ကားများ

ရှေ့ဆောင်ရုံတွင် **မာမီရှိန်း**၊ ဆုထူးပန်နှင့် မင်းရန်အောင်တွင် **သူငယ်ချင်းယောက္ခမ**၊ စံပြ၊ သီတာနှင့် မြရတနာရုံများတွင် **ပင်လယ်ရင်ခွင် ကြယ်စင်အိပ်မက်** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားများကို ကြည့်ကြရမည်ဖြစ်ပြီး ဘုရင့်ရုံတွင် Main Hoon Na၊ မင်္ဂလာအဆင့်မြင့်ရုံတွင် Kambakkht Ishq အိန္ဒိယဇာတ်ကားများနှင့်နေပြည်တော်ရုံတွင် 2012၊ မြို့မရုံတွင် လူငယ်ကြိုက် မင်းသားဗီဂျေးနှင့် မင်းသမီးအဆင်းရ်တို့ပါဝင်သော Pokkiri (ပိုကီရီ) ရုံဝင်လာသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဒီဇင်ဘာ ၂၄

စိုက်ပျိုးရေးသိပ္ပံ မြတ်ဆရာ ပူဇော်မည်

စိုက်ပျိုးရေးသိပ္ပံ (S-A-I) များမှ အငြိမ်းစား ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြေပဒေသာကျွန်း၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၂၉၁၄၄၀နှင့် ၅၁၄၁၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဆရာဝန်အသင်း(ရန်ကုန်)နှစ်ပတ်လည် စည်းဝေးမည်

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်)၏ ၂၀၀၈-၂၀၀၉ခုနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဒီဇင်ဘာ ၂၆ရက်(စနေနေ့) နံနက် ၁၀နာရီတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပရန် စီစဉ်ထားသည်။

ကျေးဇူးကြီးလှ မိနှင့်ဖ ဝတ္ထုတိုပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နိုင်

ကျေးဇူးကြီးလှ မိနှင့်ဖတို့၏ ဂုဏ်ကျေးဇူးကို ပေါ်လွင်အောင် ဖော်ကျူးရေးဖွဲ့ထားသည့် ဝတ္ထုတို အထူးပြိုင်ပွဲကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသော ဝတ္ထုတိုများ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၃၁ရက် နောက်ဆုံးထား၍ အရှိန္ဒမာစာပေ အမှတ် ၈(ဘီ) မြသီရိလမ်းသွယ် အေဝမ်းခြံလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန် ဖုန်း-၆၆၂၆၃၈သို့ ဆက်သွယ်ပေးပို့ ယှဉ်ပြိုင်နိုင်သည်။

သချၤာကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန်တက္ကသိုလ်(လှိုင်) ၁၉၉၁-၁၉၉၄ခုနှစ် သချၤာကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၀ရက် နံနက် ၈နာရီတွင် M3 Food Centre ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ရန်နှင့် ဖုန်း-၀၉-၅၀-၂၂၅၈၇နှင့် ၀၉-၅၁-၀၉၁၂၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပေါက်ခေါင်းအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် အိမ်ရာစခန်း သာသနဟိတကာရီမွှာရုံ၌ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၀ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အနုပညာပြပွဲ

နှင်းဆီကုန်းဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များအစည်းအရုံး(ဗဟို) တို့ ပူးပေါင်းကျင်းပမည့် ပန်းချီအနုပညာအလှူပွဲတော်နှင့် စာအုပ်အရောင်းပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၆ရက်မှ ဖေဖော်ဝါရီ ၇ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပါဝင်ပြသမည့်ပန်းချီကားများ ဇန်နဝါရီ ၂၀ရက်နောက်ဆုံးထား ပေးပို့နိုင်သည်။ အဆိုပါ ပန်းချီပြပွဲနှင့်အတူ ဖိတ်ခေါ်ပန်းချီပြိုင်ပွဲလည်း ကျင်းပမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ဖုန်း-၅၄၁၇၉၇နှင့် ၀၉-၅၀-၄၃၀၈၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

အထက(၁)သဃ်န်းကျွန်း မြတ်ဆရာပူဇော်မည်

အထက(၁)သဃ်န်းကျွန်းတွင် ၁၉၅၄ခုနှစ်မှ ၁၉၇၅/၇၆ခုနှစ် အထိပညာသင်ကြားပေးခဲ့သော အငြိမ်းစား ဆရာ ဆရာမကြီးများအား ပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၃ရက်တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ပြီး ဖုန်း-၅၆၅၉၆၆နှင့် ၀၉-၅၁-၂၃၈၇၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဟောပြောပွဲ

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်း၏ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးအစီအစဉ်အရ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ဒီဇင်ဘာ ၂၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဦးမျိုးဝင်းက ဟောပြောမည်ဖြစ်ရာ စိတ်ဝင်စားသော သွားဘက်ဆိုင်ရာဆရာဝန်များ တက်ရောက်နားထောင်နိုင်သည်။

အင်ဂျင်နီယာ(မြို့ပြ) အာစရိယပူဇော်ပွဲ

၁၉၈၀-၁၉၈၄ အင်ဂျင်နီယာ(မြို့ပြ)ကျောင်းသား ကျောင်းသူဟောင်းများ၏ ပူဇော်ပွဲနှင့် ငွေရတုအထိမ်းအမှတ်ပြန်လည်တွေ့ဆုံပွဲကို ရန်ကုန်မြို့ ဂရင်းမီးရထားဟိုတယ် ပထမထပ်အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၆ရက် ညနေ ၄နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဘိလိယက်နှင့် စနူကာပြိုင်ပွဲကျင်းပမည်

မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၊ ဒိုင်းမွန်းဘိလိယက်နှင့် စနူကာစင်တာနှင့် Myanmar Brewery ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကျင်းပသော နဝမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို ဒီဇင်ဘာ ၂၇ရက်တွင် ကမာရွတ်မြို့နယ် ဒိုင်းမွန်းဘိလိယက်နှင့် စနူကာစင်တာ၌ ကျင်းပမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၅၁-၉၇၅၇၈နှင့် ၃၇၅၁၀၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ ။ **(မြန်မာ့အလင်း)**

စုစည်းရေးသားသူ - ဝင်းကျော်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးစဉ်။ (သတင်းစဉ်)

* ရွှေဖုံးမှ

ရဲဘော်တို့-

တပ်မတော်ဆေးတက္ကသိုလ်က သင်ကြားပေးလိုက်တဲ့ ဆေးဘက်ဆိုင်ရာ ပညာရပ်တွေနဲ့ စစ်ပညာရပ်တွေကို အောင်မြင်စွာ သင်ကြားတတ်မြောက်ခဲ့ပြီးဖြစ်တဲ့ ရဲဘော်တို့ဟာ တာဝန်ကျရာ တပ်အသီးသီးမှာ တပ်မတော်သားတွေနဲ့ မိသားစုဝင်တွေရဲ့ ကျန်းမာရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းတွေကို ဆောင်ရွက်ပေးရတော့မှာဖြစ်တယ်။ ဒို့တပ်မတော်သားတွေဟာ လုပ်ငန်းသဘောသဘာဝအရ ကြမ်းတမ်းတဲ့ ရာသီဥတုဒဏ်တွေ၊ နေရာဒေသအမျိုးမျိုးက အနာရောဂါနှိပ်စက်မှုဒဏ်တွေနဲ့ အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရရှိမှုတွေကို အမြဲရင်ဆိုင်နေကြရသူတွေ ဖြစ်တယ်။ ဒါ့အပြင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး ဝေးလံခေါင်ဖျားတဲ့နေရာတွေနဲ့ ဆေးဘက်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု လက်လှမ်းမမီတဲ့ နေရာဒေသတွေမှာလည်း တာဝန်ထမ်းဆောင်ကြရတယ်။ ဒါကြောင့် ရဲဘော်တို့ဟာ တပ်မတော်သားတွေနဲ့ မိသားစုဝင်တွေကို ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းတွေ လုပ်တဲ့အခါ ရောဂါကုသပေးရုံသာမက ကျန်းမာရေးအသိပညာရှိပြီး ကျန်းမာရေးသတိနဲ့ နေထိုင်စားသောက်တတ်အောင် ပညာပေးတဲ့ လုပ်ငန်းတွေကိုပါ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြဖို့လိုတယ်။ **“ကာကွယ်ခြင်းဟာ ကုသခြင်းထက် ပိုမိုထိရောက်တယ်”** ဆိုတဲ့အတိုင်း တပ်မတော်သားတွေကိုယ်စီ ကျန်းမာရေးအသိရှိပြီး ကျန်းမာရေးသတိနဲ့ နေထိုင်စားသောက်တတ်မယ်ဆိုရင် အနာရောဂါနှိပ်စက်မှုကြောင့် ဆုံးရှုံးမှုတွေကို ကြိုတင်ကာကွယ်နိုင်မှာပဲဖြစ်တယ်။ တပ်မတော်သားတစ်ယောက်အတွက် ရန်သူနဲ့ရင်ဆိုင်တိုက်ခိုက်ရင်း နိုင်ငံတော်အတွက် အသက်ပေးလှူရတာ ဂုဏ်ယူစရာဖြစ်ပေမယ့် အနာရောဂါနှိပ်စက်မှုကြောင့် ဆုံးရှုံးရတာ တိုင်းပြည်နဲ့ တပ်မတော်အတွက် မလိုလားအပ်တဲ့ နစ်နာမှုပဲ ဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ ဆေးဝန်ထမ်းတပ်ဖွဲ့ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ **“ကျန်းမာ၊ ကြံ့ခိုင်၊ တိုက်နိုင်ရန်”** ဆိုတဲ့အတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေကြတဲ့ တပ်မတော်သားတွေအားလုံး အနာရောဂါ ကင်းရှင်းစွာနဲ့ ကျန်းမာကြံ့ခိုင်ပြီး ပေးအပ်တဲ့ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်အောင် စောင့်ရှောက်ကာကွယ်ပေးကြရမယ်။ ဒါ့အပြင် ဒို့မိသားစုဝင်တွေဟာလည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့နေရာတွေနဲ့ အစွန်အဖျားကျတဲ့ နေရာတွေမှာ တပ်မတော်သားတွေနဲ့အတူ ပင်ပန်းဆင်းရဲခံပြီး ပါရမီဖြည့်ကြရတယ်။ ဒီလိုမိသားစုဝင်တွေကိုလည်း မိမိရဲ့ဆွေမျိုးသားရင်းတွေလို သဘောထားပြီး ကူညီစောင့်ရှောက်ကြဖို့ ပြောကြားလိုတယ်။

ရဲဘော်တို့-

ဆေးဘက်ဆိုင်ရာ ပညာရှင်တွေဖြစ်တဲ့ ရဲဘော်တို့ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နေကြတဲ့ တပ်မတော်သားတွေလည်း ဖြစ်တယ်။ ဒို့တပ်မတော်ဟာ သစ္စာလေးချက် ဦးထိပ်ရွက်ထားတဲ့ သူတွေဖြစ်တာနဲ့အညီ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ သစ္စာကို အမြဲစောင့်သိ ရိုသေခဲ့တယ်။ နိုင်ငံတော်နဲ့ တပ်မတော်အတွက် လိုအပ်လာရင် အသက်ကိုပင် စွန့်လွှတ်ဖို့ ဝန်မလေးတဲ့သူတွေ ဖြစ်တယ်။ ဒီလိုတပ်မတော်ရဲ့ ကောင်းမြတ်တဲ့ အစဉ်အလာတွေကို အသက်နဲ့လဲပြီး ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ကြရမယ်။ တပ်မတော်ရဲ့ အဓိကတာဝန်ဟာ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်ဖြစ်တာကြောင့် ရဲဘော်တို့အနေနဲ့လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျရာကဏ္ဍကနေ ထမ်းဆောင်ကြရမယ်။ တိုက်ပွဲဝင်စစ်သည်တွေနဲ့အတူ လက်တွဲပြီး ရှေ့တန်းကျကျ ဆေးအကာကွယ်ပေးရေး တာဝန်တွေကို ထမ်းဆောင်ရသလို နောက်တန်းကနေ ထောက်ပံ့ကူညီရေးလုပ်ငန်းတွေ ဆောင်ရွက်နေကြတဲ့ စစ်သည်တွေနဲ့ မိသားစုတွေရဲ့ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှု လုပ်ငန်းတွေမှာလည်း တာဝန်ထမ်းဆောင်ကြရမှာဖြစ်တယ်။ မည်သည့်နေရာဒေသ၊ မည်သည့်အခြေအနေမျိုးမှာမဆို တာဝန်ထမ်းဆောင်တဲ့နေရာမှာ **“စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ”** ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ စေတနာထားပြီး အကြင်နာတရားရှိရှိ ပြုစုစောင့်ရှောက်ကြရမယ်။ တိုက်ပွဲဝင်တဲ့ စစ်သည်တွေ ကျန်းမာကြံ့ခိုင်ပြီး စိတ်ဓာတ်မြင့်မားနေမှသာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်မှာဖြစ်လို့ ရဲဘော်တို့လို ဆေးတပ်ဖွဲ့ဝင်တွေရဲ့ စောင့်ရှောက်ကူညီမှုဟာ အထူးအရေးပါတယ်ဆိုတာ ပြောကြားလိုတယ်။

ရဲဘော်တို့-

ခေတ်စနစ်တွေ ပြောင်းလဲလာတာနဲ့အမျှ ဆေးသိပ္ပံပညာရပ်တွေ၊ စစ်ဘက်ဆိုင်ရာ သိပ္ပံပညာရပ်တွေလည်း တိုးတက်ပြောင်းလဲလာခဲ့တယ်။ ဆေးပညာနဲ့ စစ်ဘက်ဆိုင်ရာ သိပ္ပံပညာရပ်တွေပေါင်းစပ်ပြီး အဏုမြူဓာတု၊ ဇီဝလက်နက်တွေ ထုတ်လုပ်လာကြတယ်။ ဒီလိုလက်နက်မျိုးနဲ့ တိုက်ခိုက်မှုတွေဟာ သားစဉ်မြေးဆက် လူမှုဒုက္ခ အန္တရာယ်တွေ ကြုံတွေ့နိုင်တဲ့အတွက် နိုင်ငံတကာက တားဆီးထိန်းချုပ်နိုင်အောင် စီမံဆောင်ရွက်နေပေမယ့် အချို့နေရာဒေသတွေမှာ ဒီလက်နက်တွေကို အသုံးပြုတိုက်ခိုက်တာတွေ ရှိခဲ့တယ်။ ရဲဘော်တို့ဟာ တပ်မတော်သားဆေးပညာရှင်တွေဖြစ်တဲ့အလျောက် ဒီလို အဏု၊ ဓာတု၊ ဇီဝလက်နက်တွေရဲ့ အကျိုးသက်ရောက်မှု အန္တရာယ်ကိုသိရှိပြီး ကာကွယ်နိုင်မယ့်နည်းလမ်းတွေကို ကြိုတင်ရှာဖွေ ဖော်ထုတ်ထားမှသာ အန္တရာယ်ကြုံလာရင် မိမိတပ်ဖွဲ့ဝင်တွေကို ထိထိရောက်ရောက် ကာကွယ်ပေးနိုင်မှာဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ အမိတက္ကသိုလ်က သင်ကြားပေးလိုက်တဲ့ ပညာရပ်တွေအပြင် တိုးတက်ပြောင်းလဲနေတဲ့ ဆေးသိပ္ပံပညာရပ်တွေသာမက ဆက်စပ်နေတဲ့ စစ်ဘက်ဆိုင်ရာ သိပ္ပံပညာရပ်များနဲ့ စစ်နည်း ဗျူဟာတွေကိုပါ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေကြရမယ်။ လက်တွေ့ဘဝမှာ ကြုံတွေ့လာရတဲ့ အတွေ့အကြုံတွေနဲ့ လေ့လာသိရှိရတဲ့ ပညာရပ်တွေကို အချင်းချင်းနှီးနှောဖလှယ်ပြီး တိုင်းပြည်နဲ့

> **လက်တွေ့ဘဝမှာ ကြုံတွေ့လာရတဲ့ အတွေ့အကြုံတွေနဲ့ လေ့လာသိရှိရတဲ့ ပညာရပ်တွေကို အချင်းချင်း နှီးနှောဖလှယ်ပြီး တိုင်းပြည်နဲ့ တပ်မတော်အတွက် အကျိုးရှိရှိအသုံးချနိုင်အောင် တီထွင်ကြံဆ ကြိုးပမ်းဆောင်ရွက်။**

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၁) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

တပ်မတော်အတွက် အကျိုးရှိရှိအသုံးချနိုင်အောင် တီထွင်ကြံဆ ကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားလိုတယ်။

ရဲဘော်တို့-

နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေကြရတဲ့ ဒို့တပ်မတော်သားတွေဟာ အမြဲတမ်း တိုက်ပွဲဝင်အသင့်ဖြစ်နေဖို့ **မြဲသုံးမြဲ**နဲ့အညီ အမြဲလေ့ကျင့်နေကြရမယ်။ အမိတက္ကသိုလ်က ရဲဘော်တို့ကို ခြေလျင်တပ်စုမှူးအဆင့်ထိ စစ်ပညာရပ်တွေ သင်ကြားပေးလိုက်ပြီဖြစ်တယ်။ ဆက်ပြီးတော့လည်း အဆင့်မြင့်ပညာရပ်တွေကို စစ်သင်တန်းကျောင်းတွေမှာ အခါအခွင့်သင့်သလို သင်ကြားရဦးမှာ ဖြစ်တယ်။ သင်ကြားတတ်မြောက်ထားတဲ့ စစ်ပညာတွေကို အမြဲလေ့ကျင့်နေသလို ပြောင်းလဲလာတဲ့ စစ်နည်းဗျူဟာတွေကိုလည်း မျက်ခြည်မပြတ် လေ့လာဆည်းပူးနေကြရမယ်။ ဒါမှလည်း လိုအပ်လာရင် ရဲဘော်တို့ကိုယ်တိုင် မိမိကွပ်ကဲရတဲ့ တပ်ဖွဲ့ဝင်တွေကို ... နိုင်မှာဖြစ်တယ်။ ဒါ့အပြင် ရဲဘော်တို့ တတ်မြေ... တွေကိုလည်း အမြဲမပြတ် လေ့လာသင်ယူလေ့... ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှုလုပ်ငန်း... ဖြစ်တယ်။ တပ်မတော်သားတွေဖြစ်တဲ့ ရဲ...

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗို...
လေ့ကျင့်ရေးထူးချွန်ဆုရ ဗိုလ်လောင်းဘုန်း...

ခိုက်ရည်ကောင်းပြီး လက်ရုံးရည်ပြည့်ဝတဲ့ ... လိုသလို ဆရာဝန်ဖြစ်တဲ့အလျောက် မြင့်မြတ်... ကြင်နာပြီး ကူညီရိုင်းပင်းတတ်တဲ့ နှလုံးရည်... အဲဒီလို လက်ရုံးရည်ရော နှလုံးရည်ပါ ပြည့်... တွေဖြစ်လာအောင် ရဲဘော်တို့ဟာ မိမိ... တည်ဆောက်နေကြဖို့ ပြောကြားလိုတယ်။

ရဲဘော်တို့-

ဒို့တပ်မတော်ဟာ ပြည်သူကြားက ... တပ်မတော်ဖြစ်တာနဲ့အညီ ပြည်သူ့အကျိုး... ဦးထိပ်ပန်ဆင်ခဲ့တယ်။ သမိုင်းတစ်လျှောက် ... တွေကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်... မေလဆန်းပိုင်း နာဂစ်မုန်တိုင်းဒဏ်ခံရတဲ့ သ... တွေမှာ ဆေးတပ်ဖွဲ့ဝင်တွေဟာ ကိုယ်ကျိုးစွန့် ... ကို ကူညီစောင့်ရှောက်ခဲ့တယ်။ လမ်းပန်း... အစွန်အဖျားဒေသတွေအထိ အကူအညီလို... နွေးထွေးမှု၊ စေတနာ၊ မေတ္တာ၊ အကြင်... သဘောထားကို သက်သေပြနိုင်ခဲ့တယ်။ ... တပ်မတော် ပူးပေါင်းဆောင်ရွက်ပြီး သဘာ... တွေမှာ ကြုံတွေ့ရတတ်တဲ့ နောက်ဆက်တွဲ က... စွာ ကျော်လွှားနိုင်ခဲ့တဲ့နေရာမှာ ရဲဘော်တို့ ... လုပ်အားဟာ ဂုဏ်ပြုအားကျစရာအဖြစ် မှ... အလားတူ နေရာအသီးသီးမှာ တာဝန်ထမ်းဆေ...

25-12 (08-09).pmd 1 12/25/2009, 2:34 AM

ကိုယ်တိုင် မိမိကွပ်ကဲရတဲ့ တပ်ဖွဲ့ဝင်တွေကို ဦးဆောင်ပြီး တိုက်ပွဲဝင်နိုင်မှာဖြစ်တယ်။ ဒါ့အပြင် ရဲဘော်တို့ တတ်မြောက်ထားတဲ့ ဆေးပညာရပ်တွေကိုလည်း အမြဲမပြတ် လေ့လာသင်ယူလေ့ကျင့်နေမှသာ ထိရောက်တဲ့ ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းတွေကို လုပ်ဆောင်နိုင်မှာဖြစ်တယ်။ တပ်မတော်သားတွေဖြစ်တဲ့ ရဲဘော်တို့ဟာ တိုက်ရည်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လေ့ကျင့်ရေးထူးချွန်ဆုရ ဗိုလ်လောင်းဘုန်းဇော်ခိုင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ခိုက်ရည်ကောင်းပြီး လက်ရုံးရည်ပြည့်ဝတဲ့ စစ်ခေါင်းဆောင်တွေဖြစ်ဖို့ လိုသလို ဆရာဝန်ဖြစ်တဲ့အလျောက် မြင့်မြတ်တဲ့ သဘောထားနဲ့ သနားကြင်နာပြီး ကူညီရိုင်းပင်းတတ်တဲ့ နှလုံးရည်ပြည့်ဝဖို့လည်း လိုတယ်။ အဲဒီလို လက်ရုံးရည်ရော နှလုံးရည်ပါ ပြည့်ဝတဲ့ ခေါင်းဆောင်ကောင်းတွေဖြစ်လာအောင် ရဲဘော်တို့ဟာ မိမိကိုယ်ကို အမြဲလေ့ကျင့်တည်ဆောက်နေကြဖို့ ပြောကြားလိုတယ်။

ရဲဘော်တို့-

ဒို့တပ်မတော်ဟာ ပြည်သူကြားက ပေါက်ဖွားလာတဲ့ ပြည်သူ့တပ်မတော်ဖြစ်တာနဲ့အညီ ပြည်သူ့အကျိုးအတွက်ဆိုရင် အမြဲတမ်း ဦးထိပ်ပန်ဆင်ခဲ့တယ်။ သမိုင်းတစ်လျှောက် ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့တယ်။ ၂၀၀၈ခုနှစ် မေလဆန်းပိုင်း နာဂစ်မုန်တိုင်းဒဏ်ခံရတဲ့ သဘာဝဘေးသင့်ရာ ဒေသတွေမှာ ဆေးတပ်ဖွဲ့ဝင်တွေဟာ ကိုယ်ကျိုးစွန့် အနစ်နာခံပြီး ပြည်သူလူထုကို ကူညီစောင့်ရှောက်ခဲ့တယ်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ အစွန်အဖျားဒေသတွေအထိ အကူအညီလိုအပ်နေတဲ့ ပြည်သူတွေကို နွေးထွေးမှု၊ စေတနာ၊ မေတ္တာ၊ အကြင်နာတွေနဲ့ တပ်မတော်ရဲ့ သဘောထားကို သက်သေပြနိုင်ခဲ့တယ်။ နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော် ပူးပေါင်းဆောင်ရွက်ပြီး သဘာဝဘေးဒဏ်သင့်တဲ့ ဒေသတွေမှာ ကြုံတွေ့ရတတ်တဲ့ နောက်ဆက်တွဲ ကပ်ရောဂါတွေကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့တဲ့နေရာမှာ ရဲဘော်တို့ ဆေးဝန်ထမ်းတပ်ဖွဲ့တွေရဲ့ လုပ်အားဟာ ဂုဏ်ပြုအားကျစရာအဖြစ် မှတ်တမ်းတင်နိုင်ခဲ့တယ်။ အလားတူ နေရာအသီးသီးမှာ တာဝန်ထမ်းဆောင်ရမယ့် ရဲဘော်တို့ဟာ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်တွေကို ဒို့တပ်မတော်ရဲ့ ကောင်းမြတ်တဲ့ အစဉ်အလာအတိုင်း ပါဝင်ထမ်းဆောင် သွားကြရမယ်။

ရဲဘော်တို့ -

တပ်မတော်သား ဆရာဝန်တွေဖြစ်တဲ့ ရဲဘော်တို့ဟာ စစ်ဘက်ခေါင်းဆောင်ငယ်တွေလည်း ဖြစ်တယ်။ ဒါကြောင့် မိမိကိုယ်ကို ခေါင်းဆောင်မှု အရည်အသွေးတွေနဲ့ ပြည့်စုံနေအောင် တည်ဆောက်ကြဖို့လိုတယ်။ မှန်ကန်တဲ့ ခေါင်းဆောင်မှုပေးပြီး မိမိတပ်ဖွဲ့ဝင်တွေနဲ့အတူ ပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရမယ်။ မှန်ကန်တဲ့ ခေါင်းဆောင်မှုဆိုတာ မိမိကိုယ်တိုင် ယုံကြည်ချက်ခိုင်မာပြီး လုပ်ရည်ကိုင်ရည်ရှိသလို ကွပ်ကဲရတဲ့ တပ်ဖွဲ့ဝင်တွေကိုလည်း စိတ်ဓာတ်ကောင်းအောင်၊ စည်းကမ်းကောင်းအောင်၊ စွမ်းရည်ပြည့်ဝအောင်၊ စည်းလုံးညီညွတ်မှုရှိအောင် တည်ဆောက်ပြီး မိမိရဲ့ ဦးဆောင်မှုနောက်ကို အတူတကွ လက်တွဲပါဝင်လာအောင် ဆောင်ရွက်နိုင်ခြင်းပဲ ဖြစ်တယ်။ ဒါ့အပြင် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းတွေကို ကွပ်ကဲခေါင်းဆောင်ရမယ့် ရဲဘော်တို့ဟာ မိမိရဲ့ပညာရပ်ဆိုင်ရာကို ကျွမ်းကျင်တတ်မြောက်နေမှ မိမိဆေးတပ်ဖွဲ့ဝင်တွေရဲ့ အထင်ကြီးလေးစားမှုနဲ့ အားကိုးယုံကြည်မှုကို ရရှိနိုင်မှာ ဖြစ်တယ်။ ဒီလိုရရှိမှလည်း ပေးအပ်လာတဲ့ တာဝန်မှန်သမျှကို အသင်းအဖွဲ့စိတ်ဓာတ်နဲ့ တက်ညီလက်ညီ အောင်မြင်စွာ ဖြေရှင်းနိုင်မှာ ဖြစ်တယ်။

ရဲဘော်တို့ -

နေရာဒေသအနှံ့အပြားမှာ တာဝန်ထမ်းဆောင်ရမယ့် ရဲဘော်တို့ဟာ နယ်မြေဒေသအသီးသီးက တိုင်းရင်းသားညီအစ်ကိုတွေရဲ့ ကျန်းမာရေး

ဒေသခံပြည်သူလူထုရဲ့ ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှုကိုလည်း စွမ်းအားရှိသရွေ့ ကူညီဆောင်ရွက်ကြရမယ်။ ဒို့နိုင်ငံရဲ့ လူဦးရေအများစုဟာ ကျေးလက်ဒေသနေထိုင်သူတွေဖြစ်တဲ့အလျောက် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ဖြစ်လာအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်ပြီး လူတိုင်း ရောဂါဘယကင်းရှင်းစွာနဲ့ သက်တမ်းစေ့ နေထိုင်နိုင်ရေးကို ရည်မှန်းအကောင်အထည်ဖော်လျက် ရှိတယ်။ ဒါကြောင့် ရဲဘော်တို့ဟာ နိုင်ငံတော်က ချမှတ်ထားတဲ့ အမျိုးသား ကျန်းမာရေးစီမံကိန်းတွေမှာ ဝိုင်းဝန်းကူညီဆောင်ရွက်ရင်း

အောင်စစ်သည်ဆု

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အောင်စစ်သည်ဆုရ ဗိုလ်လောင်းဘုန်းဇော်ခိုင်အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

စာပေထူးချွန်ဆု

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ စာပေထူးချွန်ဆုရ ဗိုလ်လောင်း ဝဏ္ဏတိုင်းကျော်အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

စောင့်ရှောက်မှုလုပ်ငန်းတွေကို ဆောင်ရွက်ရင်း တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို တည်ဆောက်ကြရမယ်။ တိုင်းရင်းသားလူမျိုးတွေ တစ်ရာကျော်နေထိုင်တဲ့ ဒို့နိုင်ငံရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အဓိကလိုအပ်ချက်က တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပဲ ဖြစ်တယ်။ ဘာသာအယူဝါဒ၊ ဓလေ့ထုံးတမ်းတွေ အမျိုးမျိုးကွဲပြားပေမယ့်လည်း သနားကြင်နာတတ်ခြင်း၊ ကူညီရိုင်းပင်းတတ်ခြင်း၊ သည်းခံနိုင်စွမ်းရှိခြင်း၊ ရဲရင့်ခြင်း၊ မျိုးချစ်စိတ်ရှိခြင်းစတဲ့ တူညီတဲ့ ဂုဏ်ဒြပ်တွေရှိတဲ့ တိုင်းရင်းသားအားလုံးဟာ ပြည်ထောင်စု မြန်မာနိုင်ငံသားတွေပဲ ဖြစ်တယ်။ **မျိုးချစ်စိတ်ဓာတ်ဆိုတဲ့နေရာမှာ လူမျိုးရေးအမြင် ကျဉ်းမြောင်းတဲ့သူများ**

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၁) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

မဖြစ်စေဘဲ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်အောင် လက်တွဲဆောင်ရွက်လိုတဲ့ စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ် ရှိရမှာဖြစ်တယ်။ ဒီလို **စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်** တစ်နည်းအားဖြင့် **ပြည်ထောင်စုစိတ်ဓာတ်** ရှင်သန်လာအောင် ရဲဘော်တို့ဟာ တိုင်းရင်းသားညီအစ်ကိုတွေရဲ့ ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းတွေမှာ ပါဝင်ကူညီရင်း စည်းရုံးဆောင်ရွက်ကြရမယ်။

ရဲဘော်တို့ -

နိဂုံးချုပ်အနေနဲ့ ပြောကြားရရင်-

- **သမားဇာနည် အောင်စစ်သည်ဆိုတဲ့ ဆေးတက္ကသိုလ်ရဲ့ ဆောင်ပုဒ်အတိုင်း နိုင်ငံတော်နဲ့ တပ်မတော်က အားထားရမယ့် ဆေးဘက်ပညာရှင်တွေဖြစ်လာအောင် ကြိုးစားအားထုတ်သွားကြပါ။**
- **ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ရင်း စွမ်းရည် (၃)ရပ် ပြည့်စုံတဲ့ ခေါင်းဆောင်ကောင်းတွေ ဖြစ်အောင်ကြိုးစားပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် အမြဲအသင့်ဖြစ်နေအောင် လေ့ကျင့်ဆောင်ရွက်ကြပါ။**
- **ရောက်ရာဒေသတွေမှာ ပြည်သူလူထုကို အလုပ်အကျွေးပြုရင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ကြပါ** လို့ပြောကြားရင်း နိဂုံးချုပ်လိုက်တယ်။ ။

အမှတ်(၁) စက်မှုဝန်ကြီးဌာန မောင်မြန်မာစက်ဘီးစီးပြိုင်ပွဲ နေပြည်တော်၌ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၄

အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ ၂၀၀၉ခုနှစ် နေပြည်တော် ဒီဇင်ဘာအားကစားလ လှုပ်ရှားမှုအဖြစ် ပထမအကြိမ် မောင်မြန်မာစက်ဘီးစီးပြိုင်ပွဲကို ဒီဇင်ဘာ၂၄ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးရုံးရှေ့ ဝင်းသူဇာအရောင်းဆိုင်ရှေ့၌ ကျင်းပရာ ပြိုင်ပွဲဝင် အမျိုးသားဝန်ထမ်း ၄၉ဦးနှင့် အမျိုးသမီးဝန်ထမ်း ၅၄ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

တက်ရောက်

ထို့နောက် မောင်မြန်မာစက်ဘီးစီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဝန်ကြီးရုံးရှေ့ အဆောက်အအုံ၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြိုင်ပွဲဝင်ကြသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း အထွေထွေမန်နေဂျာ ဦးဟန်တင်က ပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာအကြီးအကဲများက အမျိုးသား ပြိုင်ပွဲတွင် စတုတ္ထမှ ဒသမအထိ ဆုရရှိကြသူများအား မောင်မြန်မာစက်ဘီး တစ်စီးစီနှင့် ဆုငွေများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဝန်ကြီးဦးအောင်သောင်းက ပထမ၊ဒုတိယနှင့် တတိယဆုရရှိကြသူများအား မောင်မြန်မာစက်ဘီး တစ်စီးစီနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဝန်ကြီး၏ဇနီးနှင့် တာဝန်ရှိသူများက အမျိုးသမီးပြိုင်ပွဲ၌ ပထမမှ ဒသမအထိ ဆုရရှိကြသူများအား မောင်မြန်မာစက်ဘီးတစ်စီးစီနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် စက်ဘီးစီးပြိုင်ပွဲတွင် ပန်းဝင်သူအားလုံးတို့အား တာဝန်ရှိပုဂ္ဂိုလ်က နှစ်သိမ့်ဆုများ ပေးအပ်ချီးမြှင့်ပြီး ဆုချီးမြှင့်ပွဲကို ရုပ်သိမ်းလိုက်သည်။

အမှတ် (၁)စက်မှုဝန်ကြီးဌာန၏ ၂၀၀၉ခုနှစ် လူထုအားကစားလှုပ်ရှားမှုအဖြစ် မာရသွန်၊ ထုပ်ဆီးတိုး၊ ဘော်လီဘော၊ ခေါင်းအုံးရိုက်နှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများကို နေပြည်တော်၌ ဆက်လက်ကျင်းပလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အီလက်ထရွန်နစ်နှင့် လူနေမှုစတိုင်ပြပွဲ ၂၀၀၉တွင် ကုမ္ပဏီပေါင်း ၇၀ ပါဝင်ခင်းကျင်းပြသ

ရန်ကုန် ဒီဇင်ဘာ ၂၄

အီလက်ထရွန်နစ်နှင့် လူနေမှုစတိုင်ပြပွဲ ၂၀၀၉ ဖွင့်ပွဲအခမ်းအနား **(အပေါ်ပုံ)**ကို ယနေ့နံနက် ၁၁နာရီခွဲက ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။

ပြပွဲတွင် IEMS Company Limited မန်နေဂျင်းဒါရိုက်တာ ဦးသက်လွင်ရွှေ၊ Nibban Electric & Electronics မန်နေဂျင်းဒါရိုက်တာ ဒေါက်တာအောင်သိန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါပြပွဲတွင် ကုမ္ပဏီပေါင်း ၇၀က ပြခန်း စုစုပေါင်း ၁၄၀ ခင်းကျင်းပြသထားကာ Nibban Electric & Electronics က အဓိကပံ့ပိုးကူညီထားပြီး Panasonic၊ Chang Hong၊ Mitsubishi တို့မှ စွမ်းအင်ချွေတာသည့် နည်းပညာအသစ်အဆန်းများကို အထူးပြသမည်ဖြစ်သည်။ Acer၊ Lucky Bird၊ Blu Ray၊ KMD၊ King Empire၊ Cyber City၊ NCTC၊ Unique၊ Red Link၊ P.I.T၊ Trust Net၊ Sm³၊ MBC၊ Integra၊ Golden Rain၊ Ubifind၊ Micro Peacock တို့မှ အဆင့်မြင့်နောက်ဆုံးပေါ် Laptop များ၊ Software Systemများ၊ Asia General Electric မှ Transformerများ၊ Golden Lion၊ I.E.Mတို့မှ Online U.P.S များ၊ Future Step၊ Fudak၊ AEKတို့မှ Induction Cooker များ၊ Cannon၊ Concordia မှ Printer နှင့် Copier များ၊ Ever Seiko၊ Amtt Company၊ Life line၊ Smart Electronic Dictionary၊ Toshiba Kyaw Win၊ Three Friends Trading၊ Setra၊ Revo၊ Rinnai၊ Aung Myanmar၊ Atlas၊ Romanson၊ Rhythm၊ Moon Fancy၊ MNZ၊ Khind၊ Maco၊ Mistral၊ Asahi၊ Omical၊ Polytron၊ Standard၊ Zulex၊ Universal Computer၊ Myanma Alha၊ Peninsula Enterprise (Citizen) တို့မှ နောက်ဆုံးပေါ် အီလက်ထရွန်နစ်နှင့် ခေတ်မီအိမ်သုံးပစ္စည်းများ၊ New Mobile၊ DO CO MO၊ Great Mobile၊ Mobile Friend၊ Hisense တို့မှ နည်းပညာသစ် Mobile Handsetများ နှင့် ဆက်စပ်ပစ္စည်းများ၊ Ocean Glory (Leeco)၊ Universal Furniture၊ Nat Ray (Gold Coil)၊ Coffer Manufacturing၊ Golden Hook တို့မှ ခေတ်မီ အိမ်သုံး၊ ရုံးသုံးနှင့် ဆန်းသစ်သော ပရိဘောဂများကို ခင်းကျင်းပြသမည်ဖြစ်ပြီး ပြပွဲသို့ လာရောက်သူများကို ပြခန်းများမှ သရုပ်ပြဖျော်ဖြေမှုများ အပြင် ဦးချိုကြီးဦးစီးသည့် Super Star Model Agency က ကုန်ပစ္စည်း သရုပ်ပြပွဲ၊ ဖျော်ဖြေရေး အစီအစဉ်များပါဝင်မည်ဖြစ်ပြီး IEMS Company အနေဖြင့် ရေခဲသေတ္တာတစ်လုံးကို ကံစမ်းမဲဖွင့်လှစ်ပေးရာ ကံထူးရှင် နံပါတ် ၀၂၈၁၇ဖြစ်ကြောင်းနှင့် ပြပွဲကို ဒီဇင်ဘာ ၂၇ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ခင်းကျင်းပြသမည်ဖြစ်၍ မည်သူမဆို အခမဲ့ လာရောက် ကြည့်ရှုလေ့လာ ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်-မကွေး-မင်းဘူး ပခုက္ကူသို့ ရွှေမန်းသူ ယာဉ်လိုင်း တိုးချဲ့ပြေးဆွဲမည်

ရန်ကုန် ဒီဇင်ဘာ ၂၄

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက် ရွှေမန်းသူအဝေးပြေး ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းယာဉ်လိုင်းသည် ပခုက္ကူမြို့နှင့် ဧရာဝတီမြစ်အနောက်ဘက်ကမ်း မြို့ရွာဒေသများ တိုးတက်ဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေး အတွက် ရန်ကုန်မှ မကွေး၊ မင်းဘူး၊ ပခုက္ကူသို့ တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်သည်။

ထိုသို့ ပြေးဆွဲရာတွင် ရန်ကုန်မှ မကွေး၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း၊ပုဂံ ညောင်ဦး၊ လက်ပံခြေပေါ် (ပခုက္ကူတစ်ဖက်ကမ်း)သို့ မူလအတိုင်း နေ့စဉ်ပြေးဆွဲမည် ဖြစ်ပြီး ယခုထပ်မံ၍ ရန်ကုန်မှ မကွေး၊ မင်းဘူး၊ လယ်ကိုင်း၊ ပွင့်ဖြူ၊ စလင်း၊ ဆင်ဖြူကျွန်း၊ ဆိပ်ဖြူ၊ လမ်းရွာ၊ ကျွန်းချောင်း၊ မြစ်ချေ၊ ပခုက္ကူတို့သို့ ဧရာဝတီမြစ် အနောက်ဘက်လမ်းကြောင်းမှ ရွှေမန်းသူ မှန်လုံ၊ လေအိတ်အဆင့်မြင့်ယာဉ်ကြီးများဖြင့် ဒီဇင်ဘာ ၂၇ ရက်မှ စတင်၍ တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်သည်။

ကြိုတင်လက်မှတ်များကို ရွှေမန်းသူကားဝင်း ပါရမီလမ်းထောင့် တောင်ဥက္ကလာပမြို့နယ် ဖုန်း-၀၁-၅၇၉၆၅၅၊ ၀၁-၅၇၃၂၅၉၊ ၀၁-၅၆၃၃၀၃နှင့် ပခုက္ကူမြို့ ဖုန်း-၀၆၂-၄၂၁၅၄နှင့် ၀၉-၅၁-၄၉၈၀၂တို့သို့ဆက်သွယ်စုံစမ်း ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြောက်ပိုင်းစွန်းဒေသများ၌ မိုးရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၄

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (-၁) ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၂ဒီဂရီစင်တီဂရိတ်၊ ကသာမြို့တွင် ၄ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့၊ ပင်လောင်းမြို့၊ မင်းတပ်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၅ဒီဂရီစင်တီဂရိတ်စီ၊ ဟဲဟိုးမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၆ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့်သာယာမည်။

ဒီဇင်ဘာ ၂၅ရက်ညနေအထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ် မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

အမှတ်(၂) အခြေခံပညာဦးစီးဌာန ပညာရေးမိသားစု အားကစားပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၄

ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန (၂၀၀၉-၂၀၁၀) ပညာသင်နှစ် ပညာရေးမိသားစု အားကစား ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၂ရက်မှ ၂၃ရက် အထိ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပရာ စီမံဌာန၊ ဘဏ္ဍာဌာန၊ ပညာဌာနနှင့် တိုင်းပညာရေးမှူးရုံးအသင်းများ ပါဝင်ယှဉ်ပြိုင်ကြသည်။

တက်ရောက်

အဆိုပါ ပညာရေးမိသားစု အားကစား ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ရက် မွန်းလွဲ ၁နာရီက ကျင်းပရာ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲလွင်အောင်နှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းနှင့် ခရိုင်အတွင်းရှိ ပညာရေးမှူးများနှင့် အားကစားမောင်မယ်များ တက်ရောက်ကြသည်။ ဆုပေးပွဲ အခမ်းအနားတွင် ဆုရရှိသည့် အသင်းများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ရန်ပုံငွေ အနုပညာ ပဒေသာကပွဲ တင်ဆက်ကပြမည်

နေပြည်တော် ဒီဇင်ဘာ ၂၄

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)ရန်ပုံငွေအတွက် ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်) စီစဉ်တင်ဆက်ပြီး ရုပ်ရှင်၊ ဂီတ အနုပညာရှင်များ ပါဝင်မည့် "နှင်းဆီနှစ်သစ်" အနုပညာပဒေသာကပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၈ရက် မှ ၁၀ရက် အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ တင်ဆက်ကပြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လိုလိမ်းဆံကေသာ ပြုပြင်ထိန်းသိမ်းခြင်း လက်တွေ့ သင်ကြားမှု သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၄

Grand Wynn Enterprises Ltd. ၏ စတုတ္ထအကြိမ်မြောက် Lolane Professional Hair Workshop ဆံကေသာ ပြုပြင်ထိန်းသိမ်းမှု လက်တွေ့သရုပ်ပြ သင်ကြားခြင်းနှင့် သင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ၂၁ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ M3 Food Centre ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် General Manager ဦးအယ်(လ်)လမိန်းဒိန်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး Sales & Marketing Manager ဒေါ်နုနုရီက Lolane Hair & Skin Care အလှကုန်ပစ္စည်းများကို နှစ်ရှည်လများစွာ တစိုက်မတ်မတ် အားပေးသုံးစွဲခဲ့ကြသည့် Lolane ချစ်သူ မိတ်ဟောင်း မိတ်သစ် Beauty Saloon များနှင့် Professional Hair Technician များအားကျေးဇူးတုံ့ပြန်သောအားဖြင့် ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နည်းပညာသစ်များဖြင့် တိုးတက်ပြောင်းလဲထုတ်လုပ်လျက်ရှိသည့် အလှကုန်ပစ္စည်း အသစ်အဆန်းများနှင့် နိုင်ငံတကာတွင် အသစ်အသစ်ဖြစ်ပေါ် ပြောင်းလဲနေသော ဆံပင်ပုံစံ ဒီဇိုင်းအသစ်အဆန်းညှပ်နည်း၊ ပုံသွင်းနည်း အမျိုးမျိုး၊ ခေတ်သစ်ဆံထုံးပုံစံ အမျိုးမျိုး၊ ဆံသားကို မပျက်စီးစေဘဲ လှပဆန်းကြယ်သည့် သစ်လွင်တောက်ပသော ဆံကေသာ အရောင်ဆိုးနည်း အစရှိသည့် ခေတ်မီလှပသည့် ဆံကေသာ ဆင်ယင်ထုံးဖွဲ့မှု နည်းစနစ်များနှင့် ဆံပင်ထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာများကို နိုင်ငံခြားသို့ သွားရောက်သင်ကြားရန်မလိုဘဲ မြန်မာနိုင်ငံအတွင်းမှာပင် မျက်ခြည်မပြတ် လေ့လာသင်ကြားနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

သရုပ်ပြသင်ကြား

ယင်းနောက် ထိုင်းနိုင်ငံမှ Professional Hair Technician များဖြစ်ကြသော Mr. Micheal Arnakorn, (Former President, The Beauty Culture Association), Mr. Manut Duangprom, (Hair Technique Worldwide Trainer) တို့က ယနေ့နိုင်ငံတကာတွင် ရေပန်းစားနေသည့် ဂျပန်နှင့် ကိုရီးယားနိုင်ငံများမှ ခေတ်မီလှပသည့် ဆံပင်ကောက်နည်း၊ ပုံသွင်းနည်း အမျိုးမျိုး ပြုလုပ်ပုံများကို သင်တန်းသား တစ်ဦးချင်းအား အချိန်တိုအတွင်း မိမိကိုယ်တိုင် တိုက်ရိုက် မျက်ဝါးထင်ထင် ကြည့်ရှုရင်း ပညာသင်ယူတတ်မြောက်နိုင်စေရန်အတွက် အဆင့်ဆင့်လက်တွေ့ပြုလုပ် သရုပ်ပြသ သင်ကြားပေးသည်။ **(အောက်ဝဲပုံ)**

ထို့နောက်၂၀၀၉ခုနှစ်အတွင်း ကျင်းပခဲ့သော Lolane Professional Hair Workshop ဆံကေသာပြုပြင်နည်းဆိုင်ရာ လက်တွေ့သရုပ်ပြသင်ကြားမှု အစီအစဉ်များတွင် မပျက်မကွက် တက်ရောက်ခဲ့ကြသည့် Lolane Professional Saloon Club Member အဖွဲ့ဝင်များအား သင်တန်း တက်ရောက်သင်ကြား ပြီးစီးကြောင်း Certificate ကို Mr. Micheal Arnakorn နှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ပေးအပ်သည်။

အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ကြသူများအား အထူးကံစမ်းမဲဆုများ ပေးအပ်ချီးမြှင့်သည့်အပြင် အလှကုန်ပစ္စည်းများကို အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

ဆက်သွယ်မေးမြန်းနိုင်

Grand Wynn Enterprises Ltd. သည် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်မားသော ဆံပင်နှင့် အသားအရေ ထိန်းသိမ်းခြင်းဆိုင်ရာ Lolane အမှတ်တံဆိပ် Hair Skin Care အလှကုန်ပစ္စည်းများအား ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိရာ ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချလိုသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် Lolane Saloon Club အဖွဲ့ဝင်အဖြစ် Professional Member ဝင်လိုသူများသည် Grand Wynn Enterprises Ltd. အမှတ် (၄၀) ဖဂုလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၄၀၄၅၊၂၉၀-၁၇၀၊ ၂၉၁၃၁၈နှင့် e-mail: grandwym @ myanmar. com.mm သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ဟူးလ်စီးတီးကို အမှတ်ပြည့်ယူဖို့ကြိုးစားမယ့် ချန်ပီယံမန်ယူ အိမ်ကွင်းမှာ အကျပ်အတည်းတွေ့သွားနိုင်တဲ့ အာဆင်နယ်တို့ရဲ့ ပရီမီယာလိဂ်ပွဲစဉ်အကြို

သုံးသပ်ရေးသားသူ-မောင်မောင်မြင့်ဆွေ၊ စာမျက်နှာဖွဲ့စည်းမှု-ဝင့်မာသွင်

လန်ဒန် ဒီဇင်ဘာ ၂၄

ပရီမီယာလိဂ်ပွဲစဉ် (၁၉)ကို ဒီဇင်ဘာ ၂၆ရက်နဲ့ ၂၇ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ မန်ယူဟာ ဟူးလ်စီးတီးကွင်းကို သွားရောက်ယှဉ်ပြိုင်မှာဖြစ်သလို ချယ်လ်ဆီးကလည်း အဝေးကွင်းမှာ ဘာမင်ဂမ်နဲ့ ကစားရမှာဖြစ်လို့ ပွဲသိပ်မချောင်ပါဘူး။ အာဆင်နယ်က အိမ်ကွင်းမှာ ဗီလာနဲ့ ကစားရမှာဖြစ်လို့ ပွဲကျပ်ဖြစ်နေသလို လီဗာပူးလည်း ဘာလက်ဘန်းကွင်းမှာ သွားရောက်ယှဉ်ပြိုင်ရမှာ ဖြစ်တဲ့အတွက် ခြေကုန်ထုတ်ရမယ့် အနေအထားမို့ ပွဲကြီးပွဲကောင်းတွေ ဖြစ်နေပြန်ပါတယ်။

ဟူးလ်စီးတီးနဲ့ပွဲမှာ ရွန်နီ ဂိုးပေါက်တွေ့ပါ့မလား။
(အင်တာနက်ဓာတ်ပုံ)

ဟူးလ်စီးတီးနှင့် မန်ယူ

တန်းဆင်းဇုန်နား ရစ်ဝဲနေတဲ့ ဟူးလ်စီးတီးဟာ အိမ်ကွင်းမှာ မန်ယူထံက ရသလောက်အမှတ်ယူဖို့ ကြိုးစားမှာမို့ လူစုံထုတ်ပြီး ကစားမှာပါ။ ဟူးလ်စီးတီးမှာ ဟန့်၊ ဇာလက်တီ၊ ဘမ်ဘေနဲ့ ဘိုရာတန်တို့ ခြေပေါ်ရင် မန်ယူကစားရခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ ပွဲစဉ် (၁၈)က ဖူလ်ဟမ်ကို သုံးဂိုးပြတ်ရှုံးထားလို့ ဝေဖန်ပြစ်တင်ခံနေရတဲ့ ဖာဂူဆန်ဟာ ဒီပွဲမှာ အနိုင်ရလဒ်ကလွဲပြီး ဘာမှဆန္ဒရှိမှာမဟုတ်တဲ့အတွက် ရွန်နေ၊ ဘာဘာတော့ဗ်၊ အိုဝင်စတဲ့ တိုက်စစ်မှူးတွေအကုန်ထုတ်သုံးပြီး ထိပ်ဆုံးက ချယ်လ်ဆီးကို ဖိအားပေးဖို့အတွက် ဒီပွဲမှာ သုံးမှတ်အပြည့်ယူဖို့ကြိုးစားမှာ သေချာပါတယ်။

ဘာမင်ဂမ်နှင့် ချယ်လ်ဆီး

ပြီးခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် (၁၈)မှာ ဝက်စ်ဟမ်းကို သရေပွဲဖြစ်ခဲ့လို့ ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီဟာ ဘာမင်ဂမ်ကိုအလေးထားပြီး ပြင်ဆင် ကစားပါလိမ့်မယ်။ ဘာမင်ဂမ်ရဲ့ နောက်တန်းဟာ ခိုင်မာတောင့်တင်းလို့ ချယ်လ်ဆီးတိုက်စစ်မှူးတွေ ဂိုးရအောင် ဘယ်လိုကြိုးစားမလဲဆိုတာ ကြည့်ရမှာပါ။ ဘာမင်ဂမ်မှာ လာဆင်၊ ဟက်နဲ့ ဂျိုရိုမီတို့ ခြေစွမ်းပြနေပေမယ့် မန်ယူကို အမှတ်ဖြတ်ဖို့ ရမှတ်လိုအပ်နေတဲ့ ချယ်လ်ဆီးဟာ ဘာမင်ဂမ်အိမ်ကွင်းဆိုပေမယ့် အမှတ်ခွဲဝေပေးဖို့ စိတ်ကူးမှာတော့ မဟုတ်ပါဘူး။

အာဆင်နယ်နှင့် ဗီလာ

နည်းပြ မာတင်အိုနေးရဲ့ အစီအမံကောင်းလို့ ဗီလာတို့ရလဒ်ကောင်းနေတာကို အာဆင်နယ် ဘယ်လိုရပ်တန့်ပစ်နိုင်မလဲ ကြည့်ရမှာပါ။ မန်ယူကို အိုးထရက်ဖို့ဒ်မှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ကစားခဲ့ပြီး ဆန်းဒါးလန်းနဲ့ စတုတ်တို့ကို ဆက်တိုက်အနိုင်ယူခဲ့လို့ ဗီလာတို့ စိတ်ဓာတ်မြင့်မားနေပါတယ်။ ဒါပေမယ့် အာဆင်နယ်မှာ ဒီနယ်ဆင်၊ အက်ဒွါဒိုနဲ့ ဒီရာဘိုင်တို့က အနိုင်ရလဒ်ကို ပံ့ပိုးပေးနေကြတာမို့ အာစင်ဝင်းဂါးဟာ အိမ်ကွင်းမှာ ဗီလာကို မျက်နှာသာမပေးဘဲ အနိုင်ရလဒ်ကိုပဲ ဖွေ့ပိုက်ဖို့ ကြိုးစားမှာ သေချာပါတယ်။

လီဗာပူးနှင့် ဝုဖ်

တန်းစီဇယားအောက်ဆုံးက ပို့စ်မောက်ကို နှစ်ဂိုးပြတ်ပြန်ရှုံးခဲ့လို့ ဝေဖန်ပြစ်တင်မှုတွေ ခံနေရတဲ့ ဘင်နီတက်ဇ်လည်း ဒီပွဲမှာ အနိုင်ရလဒ်နဲ့ ချေဖျက်ပြဖို့ ကြိုးစားပါလိမ့်မယ်။ လီဗာပူးမှာ တောရက်စ်၊ မာရှေယာနိုနဲ့ ဂျရတ်တို့ ပါဝင်ကစားမှာမို့ ဝုဖ်တို့ သိပ်တော့ မလွယ်ပါဘူး။ ဒါပေမယ့် ဝုဖ်မှာ မီလီဂျက်စ်နဲ့ ဒွိုင်လီတို့က ဂိုးသွင်းအဆုံးသတ် သေချာတာမို့ လီဗာပူးခံစစ်မှူးတွေ ပေါ့ဆဆကစားရင် အမှတ်ခွဲပေးရကိန်း ဆိုက်သွားနိုင်ပါတယ်။

မန်စီးတီးနှင့် စတုတ်

စပါးကို သုံးဂိုးပြတ်၊ ဘော်တန်ကို သရေကစားခဲ့လို့ နည်းပြ မာ့ခ်ျဟူခ် အထုတ်ခံရတဲ့ မန်စီးတီးဟာ နည်းပြသစ် မန်စီနီရဲ့ ကိုင်တွယ်မှု ဘယ်လို အခြေအနေရှိမလဲ ဆိုတာ အကဲခတ်ရမယ့် ပွဲပါပဲ။ တီဗက်ဇ်၊ ခရစ်ဇ်၊ ဘယ်လာမီနဲ့ ဂီဗင်တို့လို ကစားသမားကောင်းတွေကို စနစ်တကျကိုင်တွယ်နိုင်ခဲ့ရင်တော့ အိမ်ကွင်းမှာ စတုတ်ကို အနိုင်ကစားနိုင်မှာပါ။ စတုတ်ဟာ အိမ်ကွင်း ခြေမှန်ပေမယ့် အဝေးကွင်းရလဒ် မကောင်းတတ်တာမို့ နိုင်ပွဲရယူချင်တဲ့ နည်းပြ မန်စီနီရဲ့ ဆန္ဒပြည့်ဝနိုင်လိမ့်မယ်လို့ ယူဆပါတယ်။

ဘန်လေနှင့် ဘော်လ်တန်

တန်းဆင်းဇုန်ထဲက ရုန်းထွက်ဖို့ အပြင်းအထန်ကြိုးစားနေတဲ့ ဘော်လ်တန်ဟာ ကာဟေး၊ ကလက်နစ်၊ ဒေးဗစ်တို့ရဲ့အားနဲ့ ဘန်လေကို ရင်ဆိုင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် အာဆင်နယ်ကို တစ်ဂိုးစီ သရေကစားခဲ့တဲ့ ခြေစွမ်းသာ ဘန်လေရခဲ့ရင် ဘော်လ်တန်တို့ အမှတ်ဗလာနဲ့ အိမ်ပြန်ရကိန်း ဆိုက်သွားနိုင်ပါတယ်။ ပြီးခဲ့တဲ့ ပွဲစဉ် (၁၈)မှာ ဝုဖ်ကို နှစ်ဂိုးပြတ်ရှုံးခဲ့တဲ့ ဘန်လေရဲ့ ခြေစွမ်းက သံသယရှိစရာ ကောင်းပေမယ့် အနိုင်ရလဒ်ဟာ အိမ်ရှင်နဲ့ပဲထိုက်တန်ပါလိမ့်မယ်။

ဖူလ်ဟမ်နှင့်စပါး

အိမ်ကွင်းမှာ မန်ယူလိုအသင်းကို သုံးဂိုးပြတ် အနိုင်ယူခဲ့တဲ့ ဖူလ်ဟမ်ရဲ့ ခြေစွမ်းက အံ့သြစရာပါပဲ။ ဖူလ်ဟမ်ရဲ့ မူရာဖီ၊ ဇာမိုရာနဲ့ ဒပ်ဖ်တို့က ဂိုးသွင်းခြေမြူးနေတာမို့ စပါးတို့ သတိထားရပါလိမ့်မယ်။ စပါးမှာလည်း ပီတာခရောက်ချ်နဲ့ ဒီဖိုးတို့က ခြေစွမ်းတွေပြနေတာမို့ အကြိတ်အနယ်နွဲရမယ့်ပွဲပါပဲ။ စပါးနည်းပြ ရက်နက်က အစီအမံ ပိုကောင်းတာမို့ ပိုပြီးအားပေးချင်ပေမယ့် အိမ်ရှင်တို့ရဲ့ အားထုတ်မှုကလည်း အသိအမှတ်ပြုစရာ ဖြစ်နေတဲ့အတွက် တစ်မှတ်စီခွဲယူကြမယ့် အနေအထားလို့ သုံးသပ်မိပါတယ်။

ဆန်းဒါးလန်းနှင့် အဲဗာတန်

မင်ဆက်၊ ဟန်ဒါဆင်၊ ဂျွန်းစ်တို့ရဲ့ ခြေစွမ်းကြောင့် ဆန်းဒါးလန်းတို့ အခြေအနေ ကောင်းနေပါတယ်။ ဒီနှစ်မှာ အိမ်ကွင်း ရလဒ်ကောင်းအောင် ကစားနိုင်နေတဲ့အတွက် ဆွေ့သည်အဲဗာတန်တို့ ထင်တိုင်းပေါက်ဖို့ သိပ်မလွယ်ပါဘူး။ ဒါပေမယ့် ချယ်လ်ဆီးကွင်းမှာ သုံးဂိုးစီသရေ ကစားနိုင်ခဲ့တဲ့ အဲဗာတန်ရဲ့ ခြေစွမ်းကလည်း အလေးထားစရာ ဖြစ်နေတာမို့ ဆာဟာနဲ့ ယာကူဘူတို့ အတွဲမိရင်တော့ အဲဗာတန်တို့ အိမ်အပြန် မျက်နှာပန်းလှနိုင်စရာရှိပါတယ်။

ဝက်စ်ဟမ်းနှင့် ပို့စ်မောက်

လီဗာပူးကို နှစ်ဂိုးပြတ်အနိုင်ယူခဲ့တဲ့ ပို့စ်မောက်ရဲ့ ခြေစွမ်းက အံ့အားသင့်စရာပါပဲ။ တန်းစီဇယားအောက်ဆုံး ရောက်နေတဲ့ အခြေအနေက အမြန်ဆုံးရုန်းထွက်ဖို့ ကြိုးစားနေတဲ့ ပို့စ်မောက်ဟာ ဒီပွဲမှာ

ချယ်လ်ဆီးအတွက် အားထားရဆဲ အနယ်လ်ကာ။
(အင်တာနက်ဓာတ်ပုံ)

အဝေးကွင်း ဆိုပေမယ့် သုံးမှတ်အပြည့်ရအောင်ယူဖို့ ခြေကုန်ထုတ်ပါလိမ့်မယ်။ ဒါပေမယ့် ပရီမီယာလိဂ်ပွဲစဉ် (၁၈)မှာ ချယ်လ်ဆီးကို တစ်ဂိုးစီသရေကစားခဲ့တဲ့ ဝက်စ်ဟမ်းရဲ့ ခြေစွမ်းကလည်း အားရစရာကောင်းနေတာမို့ အိမ်ရှင်ကိုအားပေးရမယ့်ပွဲပါပဲ။

ဝီဂန်နှင့် ဘလက်ဘန်း

သုံးပွဲဆက်တိုက် နိုင်ပွဲပျောက်နေတဲ့ နှစ်သင်းဆုံတွေ့တဲ့ ပွဲပါပဲ။ ဘလက်ဘန်းရဲ့ ကာလီနစ်နဲ့ဆမ်ဘာတို့က အဝင်အထွက်ရဲရဲ ကစားတတ်တဲ့အပြင် ဘလက်ဘန်းနည်းပြ ဆမ်အလာဒိုက်က ပွဲအခြေအနေအပေါ် ကိုင်တွယ် စီမံတတ်တာမို့ အသာစီးရသွားနိုင်ပါတယ်။ ဒါပေမယ့် ဝီဂန်တို့ကလည်း အိမ်ရှင်ဆိုတဲ့အားနဲ့ ဖိကစားနိုင်တာမို့ ရလဒ်ညီမျှခြင်း ကျသွားနိုင်တယ်လို့ ယူဆမိပါတယ်။ ။

ကိုးကား-အင်တာနက်

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

စပါးအသင်း နည်းပြဟယ်ရီရက်နက် အပြောင်းအရွှေ့ကာလ၌ ဘယ်လာမီအားခေါ်ယူရန် စီစဉ်

စပါးနည်းပြ ဟယ်ရီရက်နက်သည် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ ဈေးကွက်တွင် မန်စီးတီးနည်းပြသစ် မန်စီနီကထုတ်ရောင်းမည့် ဝေလတိုက်စစ်မှူးဘယ်လာမီအား ခေါ်ယူရန် စီစဉ်နေကြောင်း၊ သို့သော်လည်း ရက်နက်အနေဖြင့် ဘယ်လာမီအား ခေါ်ယူနိုင်ရန်အတွက် ပက်ဗလူချင်ကိုအား ရောင်းရမည်ဖြစ်ကြောင်း သည်ဆန်း၌ ဖော်ပြသည်။

ပို့စ်မောက်ခံစစ်မှူး ယွန်နက်စ်ကဘူးလ်အား ပေါင်ရှစ်သန်းဖြင့် ခေါ်ယူရန် မန်စီနီ ပစ်မှတ်ထား

မန်စီးတီးနည်းပြ မန်စီနီသည် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ရာသီတွင် ပို့စ်မောက်အသင်းမှ ပြင်သစ်ခံစစ်မှူး ယွန်နက်စ်ကဘူးလ်အား ပေါင် ၈သန်းဖြင့် ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သည်ဆန်းသတင်း၌ ဖော်ပြသည်။

ဆန်းဒါးလန်း တိုက်စစ်မှူး ဂျွန်းစ်အားခေါ်ယူရေး ဗီလာနှင့်လီဗာပူး အပြိုင်ကြိုးစားနေ

အက်စ်တွန်ဗီလာအသင်းသည် ဆန်းဒါးလန်းအသင်းမှ ပေါင် ၁၂သန်းတန် တိုက်စစ်မှူး ကင်ဝန်ဂျွန်းစ်အား ခေါ်ယူရန် လီဗာပူးနှင့် အပြိုင်အဆိုင်ကြိုးစားနေကြောင်း သည်ဆန်းက ဖော်ပြသည်။

အိန်ဂျယ်လ်အား မန်ယူက ခေါ်ယူရန်စီစဉ်နေ ပြောင်းရွှေ့ကြေးအပြင် နာနီကိုအလိုက်ပေး ကမ်းလှမ်း

မန်ယူအသင်းသည် ဘင်ဖီကာ တောင်ပံကစားသမား အိန်ဂျယ်လ်ဒီမာရီယာအား ခေါ်ယူရေးအတွက် ပြောင်းရွှေ့ကြေး ပေါင်၉သန်းအပြင် နာနီကိုပါ အလိုက်ပေးပြီး ကမ်းလှမ်းခဲ့ကြောင်း ဒေးလီးမေးလ်က ဖော်ပြသည်။

ဟာနန်ဒက်စ်အား အငှားစာချုပ်ချုပ်ဆိုခေါ်ယူရေး အဲဗာတန်နှင့် ဗလင်စီယာဆွေးနွေးနေ

အဲဗာတန်အသင်းသည် အသက် ၂၃နှစ်ရှိ ဗလင်စီယာကွင်းလယ်ကစားသမား ဟာနန်ဒက်စ်အား အငှားစာချုပ် ဆက်လက်ချုပ်ဆိုနိုင်ရေးအတွက် ဗလင်စီယာအသင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်နေသည်။

စပိန်အသင်း ရီးရဲမက်ဒရစ် ချယ်လ်ဆီးခံစစ်မှူး အီဗနိုဗစ်အား စိတ်ဝင်စားနေ

ချယ်လ်ဆီးခံစစ်မှူး အီဗနိုဗစ်အား ခေါ်ယူရန် စပိန်အသင်း ရီးရဲမက်ဒရစ်က စိတ်ဝင်စားနေကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

မေဝဲသားဂျူနီယာ သွေးစစ်ဆေးစေမှုပြဿနာ ပက်ကွီုင်အောက ပြိုင်ပွဲကို ဖျက်သိမ်းခဲ့

လန်ဒန် ဒီဇင်ဘာ ၂၄

အမေရိကန် လက်ဝှေ့သမား မေဝဲသား ဂျူနီယာ(**ယာပုံ**)၏ လာမည့် ၂၀၁၀ခုနှစ် မတ် ၁၃ရက်တွင် ဝယ်လ်တာဝိတ်သရဖူ လုပွဲအတွက် ဖိလစ်ပိုင်လက်ဝှေ့ အကျော်အမော် ပက်ကွီုင်အောနှင့် ယှဉ်ပြိုင်ထိုးသတ်ရန် စီစဉ်ထားမှုကို ဖျက်သိမ်းခဲ့ရကြောင်း၊ အကြောင်းမှာ ပက်ကွီုင်အော၏ ပွဲစီစဉ်သူဘော့ဘ်အရမ်၏ ပြောကြားချက်အရ မေဝဲသားက ပက်ကွီုင်အောအား သွေးစစ်ဆေးစေခဲ့သည့် ပြဿနာကြောင့် ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

မေဝဲသားဂျူနီယာသည် ပက်ကွီုင်အောက အသာစီးရသွားမည်ကို စိုးရိမ်သောကြောင့် ယခုကဲ့သို့ ပြုမူဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့အပြင် မေဝဲသားသည် ပထမနေရာလုရေးအတွက် မည်သည့်အခါကမျှ ယှဉ်ပြိုင်ထိုးသတ်ရန် ဆန္ဒမရှိခဲ့ကြောင်း အရမ်က မေဝဲသား ဂျူနီယာအား စွပ်စွဲပြောကြားခဲ့သည်။

ရှုံးပွဲမရှိ မေဝဲသားဂျူနီယာကမူ ကမ္ဘာပေါ်တွင် ဝိတ်တန်းတူ အကောင်းဆုံး လက်ဝှေ့သမားနှစ်ဦးအတွက် ယှဉ်ပြိုင်မထိုးသတ်မီ နှစ်ဦးစလုံးသွေးစစ်ဆေးရန် အဆိုပြုခဲ့ခြင်းဖြစ်ပြီး နှစ်ဦးစလုံးသန့်ရှင်းစင်ကြယ်သည်ကို သေချာစေရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(အင်တာနက်)**

မန်ယူသို့ အငှားစာချုပ်ဖြင့် ရောက်ရှိလာသူ ဒီအော့ဖ် ဇန်နဝါရီ၌ ပွဲထွက်ပါဝင်ကစားနိုင်ဖွယ်ရှိ

လန်ဒန် ဒီဇင်ဘာ ၂၄

မန်ယူမှ ဆီနီဂေါတိုက်စစ်မှူး ဘီရမ် ဒီအော့ဖ်(**ဝဲပုံ**)သည် အလုပ်လုပ်ခွင့် ပါမစ်ရရှိပြီးနောက် လာမည့် ဇန်နဝါရီလတွင် မန်ယူအသင်းနှင့်အတူ ပွဲဦးထွက်ပါဝင် ကစားနိုင်ဖွယ်ရှိကြောင်း သတင်း၌ ဖော်ပြထားသည်။

အသက် ၂၂နှစ်ရှိ ဒီအော့ဖ်အား မန်ယူက နော်ဝေအသင်း မိုလ်ဒီမှ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ နည်းပြဖာဂူဆန်ကလည်း ဒီအော့ဖ်သည် မန်ယူအသင်းနှင့်အတူ နှစ်သစ်တွင် ပါဝင်ကစားနိုင်ဖွယ်ရှိကြောင်း ဖွင့်ဟပြောကြားခဲ့သည်။ မန်ယူတိုက်စစ်မှူးဟောင်း အိုလေဂန်နာဆိုလ်ဂျာ၏ အသင်းဟောင်း မိုလ်ဒီတွင် ကစားနေသူ ဒီအော့ဖ်သည် ၇၄ပွဲ ကစားရာတွင် ၃၅ ဂိုးသွင်းယူထားသည်။ **(အင်တာနက်)**

၂၀၀၉ခုနှစ် ကမ္ဘာ့ချန်ပီယံ တင်းနစ်သမားဆု ဖက်ဒဲယာနှင့် ဆီရီနာတို့ ဆွတ်ခူးရရှိ

လန်ဒန် ဒီဇင်ဘာ ၂၄

၂၀၀၉ခုနှစ် ရာသီကုန် တင်းနစ်အဆင့် သတ်မှတ်ချက်များအရ နိုင်ငံတကာ တင်းနစ်အဖွဲ့ချုပ်(ဒဗလျူတီအက်ဖ်)က ရော်ဂျာဖက်ဒဲယာနှင့် ဆီရီနာဝီလျံတို့အား ၂၀၀၉ခုနှစ်၏ ကမ္ဘာ့ချန်ပီယံ တင်းနစ်သမားများအဖြစ်သတ်မှတ်ကာ ဆုချီးမြှင့်ခဲ့သည်။

ယခုဆုကို ငါးကြိမ်မြောက် ဆွတ်ခူးရရှိခဲ့သူ ဖက်ဒဲယာသည် (၁၅)ကြိမ်မြောက် ဝင်ဘယ်တန်ဂရင်းဆလမ်ဆုဖလားကို မဆွတ်ခူးမီ ပြည့်စုံသောတင်းနစ်သမားဘဝကို ရောက်ရှိခဲ့ပြီး ဖြစ်သည်။ ထို့အပြင် ဆီရီနာဝီလျံသည်လည်း ယခုဆုကို မဆွတ်ခူးမီ ဩစတြေးလျအိုးပင်းနှင့် ဝင်ဘယ်တန်ဆုဖလားများကို ဆွတ်ခူးကာ အဓိကဖလားကြီး ၁၁လုံးကို ရယူနိုင်ခဲ့သည်။ (အင်တာနက်)

လီဗာပူးကို စွန့်ခွာမည်မဟုတ်ဟု တိုက်စစ်မှူး တောရက်စ်ပြောကြား

လန်ဒန် ဒီဇင်ဘာ ၂၄

လီဗာပူးအသင်းအနေဖြင့် ယခုဘောလုံးရာသီတွင် ထိပ်သီးလေးသင်းစာရင်းတွင် မရပ်တည်နိုင်သည့်တိုင် အသင်းတွင် ရုန်းကန်လှုပ်ရှားမှုကို ကျောခိုင်းစွန့်ခွာမည်မဟုတ်ကြောင်း လီဗာပူးတိုက်စစ်မှူး တောရက်စ်က ဖွင့်ဟပြောကြားသည်။လွန်ခဲ့သော သုံးလတာကာလအတွင်း လီဗာပူးနည်းပြ ဘင်နီတက်ဇ်သည် အဆင်မပြေမှုများနှင့် ရင်ဆိုင်နေရပြီး ချန်ပီယံလိဂ်တွင်လည်း အုပ်စုအဆင့်မှပင် ထွက်ခွာခဲ့ရသည်။ ပြီးခဲ့သည့် ဒီဇင်ဘာ ၁၉ရက်က ပို့စ်မောက်အား နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့မှုကြောင့် လီဗာပူးအသင်းသည် ၁၇ပွဲကစားရာတွင် လေးပွဲသာအနိုင်ရရှိခဲ့သည်။ **(အင်တာနက်)**

ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားလို ဗလင်စီယာ တိုက်စစ်မှူး ဗီလာဖွင့်ဟ

မက်ဒရစ် ဒီဇင်ဘာ ၂၄

ဗလင်စီယာတိုက်စစ်မှူး ဒေးဗစ်ဗီလာက ငွေအနေဖြင့် ယခုအခါ ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားရန် စိတ်ဝင်စားနေပြီဖြစ်ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။ အသက် ၂၈နှစ်ရှိ ဒေးဗစ်ဗီလာအား မန်ယူ၊ လီဗာပူးနှင့်မန်စီးတီးတို့က ခေါ်ယူရန် ဆက်သွယ်နေစဉ်မှာပင် မက်စ်တယ်လာအသင်းက ခေါ်ယူရန် အပြင်းအထန်ကြိုးပမ်းလျက်ရှိပြီး ရီးရဲ၊ ဘာစီလိုနာနှင့် ချယ်လ်ဆီးတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ **(အင်တာနက်)**

ထင်ကျော်ထက်-စုစည်းတင်ပြသည်။

ဒလ-တွံတေးကားလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများ

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဒီဇင်ဘာ ၂၃ရက် နံနက် ၁၀နာရီခွဲက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့ (၁၆)မှ တာဝန်ယူဆောင်ရွက်နေသော လှိုင်သာယာအမှတ်(၅)လမ်းမကြီးမှ ဒလ-တွံတေး ကားလမ်းမိုင်တိုင်အမှတ် (၁/၀)မှ (၁/၇)အထိ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မိုင်တိုင် အမှတ် (၁/၄)ရှိ လမ်းလုပ်ငန်းစခန်းရုံး၌ ကတ္တရာများ မော်တော်ယာဉ်ပေါ်မှ သယ်ချနေမှု၊ မိုင်တိုင်အမှတ် (၄/၀)၌ ကတ္တရာဖျန်းစက်ယာဉ်ဖြင့် ကတ္တရာခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ (ဓါတ်ပုံ)

ထို့နောက် ဝန်ကြီးသည် မွန်းလွဲ ၂နာရီခွဲတွင် ဒဂုံမြို့နယ်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိပြီး တိုင်းအတွင်းရှိ ခရိုင် လေးခရိုင်၊ လမ်း/တံတား/အဆောက်အအုံ/ လေယာဉ်ကွင်းအထူးအဖွဲ့များနှင့် ယန္တရားတပ်ခွဲ(တောင်)မှ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်က ဖြည့်စွက်တင်ပြကာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ၏ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ စည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၂၄

မဟာမဲခေါင်ဒေသတွင်း နိုင်ငံများ၏ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ (COMMIT Task Force)၏ အစည်းအဝေးကို ဒီဇင်ဘာ၂၃ ရက် နံနက်၁၀နာရီက နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ အလုပ်သမားဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ ကိုယ်စားလှယ်များ၊ မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသော UNIAP, IOM , SC, WV (Myanmar), AFXB, UNODC နှင့် JICA တို့မှ ကိုယ်စားလှယ်များ စုစုပေါင်း ၃၃ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရဲမှူးကြီး စစ်အေးက ဆောင်ရွက်ပြီး ၂၀၀၉ ခုနှစ် လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုများ၊ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ခဲ့ကြသည့်အပြင် ၂၀၁၀ ခုနှစ်အတွက် လုပ်ငန်းစီမံချက်မူကြမ်းကို ရေးဆွဲနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရဲချုပ်ဒိုင်း ပြည်နယ်/တိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ

နေပြည်တော် ပျဉ်းမနား ပေါင်းလောင်းကွင်း၌ ယှဉ်ပြိုင်မည်

သတင်းမှတ်စု - ကိုထွေး ➤ စာမျက်နှာဖွဲ့စည်းမှု - လဲ့လဲ့ဝင်း

နေပြည်တော် ဒီဇင်ဘာ ၂၄

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဘောလုံးဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် (၄၅)ကြိမ်မြောက် ရဲချုပ်ဒိုင်း ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၇ရက်မှ စတင်၍ နေပြည်တော် ပျဉ်းမနား၊ မန္တလေး၊ မိတ္ထီလာနှင့် နေပြည်တော် လယ်ဝေးမြို့များ၌ ကျင်းပခဲ့ရာ ဒီဇင်ဘာ ၂၄ရက်တွင် အကြိုဗိုလ်လုပွဲစဉ်များ ပြီးစီးသွားပြီ ဖြစ်သည်။

အကြိုဗိုလ်လုပွဲစဉ်များကို ဒီဇင်ဘာ ၂၃ရက်နှင့် ၂၄ရက်တို့တွင် နေပြည်တော်ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပခဲ့သည်။ ပထမအကြိုဗိုလ်လုပွဲစဉ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်အသင်းက မကွေးတိုင်း ရဲတပ်ဖွဲ့အသင်းကို လေးဂိုး-ဂိုးမရှိ၊ ဒုတိယအကြိုဗိုလ်လုပွဲစဉ်၌ မန္တလေးတိုင်း ရဲတပ်ဖွဲ့အသင်းက ပဲခူးတိုင်း (အရှေ့ပိုင်း) ရဲတပ်ဖွဲ့အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အသီးသီးအနိုင်ရရှိကြပြီး ဗိုလ်လုပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့ကြသည်။

ဗိုလ်လုပွဲစဉ်ကို ဒီဇင်ဘာ ၂၇ရက် ညနေပိုင်းတွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်အသင်းနှင့် မန္တလေးတိုင်းရဲတပ်ဖွဲ့အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ချီးမြှင့်မည်

ဗိုလ်လုပွဲစဉ်အပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပမည်ဖြစ်ရာ ပထမရရှိသောအသင်းအား ရဲချုပ်ဒိုင်းဆု၊ ဆင့်ပွားဒိုင်း၊ တစ်ဦးချင်း ဆုများနှင့် ဆုကြေးငွေကျပ် ခြောက်သိန်း၊ ဒုတိယရရှိသောအသင်းအား တစ်ဦးချင်းဆုများနှင့် ဆုကြေးငွေကျပ် လေးသိန်း၊ အသန့်ရှင်းဆုံးအသင်းဆုရအသင်းအား အသန့်ရှင်းဆုံး ဒိုင်းဆုနှင့် ဆုကြေးငွေကျပ်နှစ်သိန်း၊ အကောင်းဆုံး ဂိုးသမားဆု၊ နောက်တန်း အကောင်းဆုံးဆု၊ အလယ်တန်း အကောင်းဆုံးဆုနှင့် ရှေ့တန်းအကောင်းဆုံး ဆုရရှိကြသော အားကစားသမားများအား ဆုကြေးငွေကျပ် ငါးသောင်းစီ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုရရှိသူအား ရွှေစင်ရပ်တုနှင့် ဆုကြေးငွေကျပ် ရှစ်သောင်း ချီးမြှင့်မည်ဖြစ်သည်။

ရဲချုပ်ဒိုင်း ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲကို ရဲတပ်ဖွဲ့အတွင်း ဘောလုံးအားကစားနည်း ဖွံ့ဖြိုးတိုးတက်လာစေရန်၊ တပ်ဖွဲ့ဝင်များ ဘောလုံးအားကစားကို ကျယ်ပြန့်စွာ ကစားခြင်းဖြင့် ရဲတပ်ဖွဲ့၏ ရည်မှန်းချက်ဖြစ်သည့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး တာဝန်များကို ဆောင်ရွက်ရာ၌ ကြံ့ခိုင်သန်စွမ်းမှုကို အထောက်အကူပြုစေရန် နေပြည်တော်တွင် ကျင်းပနေသည့် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲဝင် ပြည်ထဲရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဘောလုံးအသင်းများတွင် သွေးသစ်လောင်းနိုင်မည့် မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်ရန်နှင့် စွမ်းရည်တိုးတက်လာသည်နှင့်အမျှ နိုင်ငံကိုယ်စားပြု လက်ရွေးစင်ဘောလုံးသမားများ ပေါ်ထွန်းလာစေရန် ဟူသော ရည်ရွယ်ချက်များဖြင့် နှစ်စဉ်မပျက် ကျင်းပနေခြင်းဖြစ်သည်။

ပြန်ဆုံတွေ့

ယမန်နှစ် (၄၄)ကြိမ်မြောက် ရဲချုပ်ဒိုင်း ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်အသင်းက မန္တလေးတိုင်း ရဲတပ်ဖွဲ့အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့သည်။ ယခုနှစ် (၄၅)ကြိမ်မြောက် ရဲချုပ်ဒိုင်း ပြည်နယ်နှင့် တိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင်လည်း ပြိုင်ဘက်ဟောင်း နှစ်သင်း ပြန်လည်ဆုံတွေ့ ကြသည်ဖြစ်ရာ မည်သည့်အသင်းက အနိုင်ရရှိပြီး ရဲချုပ်ဒိုင်းဆုကြီးကို ဆွတ်ခူးသွားမည်ကို စောင့်စားကြည့်ရှုကြရမည် ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မန္တလေး အထက(၁၆) မြတ်ဆရာပူဇော်ပွဲ

နေပြည်တော် ဒီဇင်ဘာ ၂၄

မန္တလေးမြို့ အထက(၁၆)တွင် ၁၉၆၂ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသားဟောင်းများ၏ ဒွါဒသမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါ ကျောင်းစုဝေးခန်းမသစ်ကြီး၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

ပူဇော်ပွဲအခမ်းအနားသို့ ပါဝင်လှူဒါန်းလိုသူများသည် အထက(၁၆)ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးထွေးသန်းနှင့် ကျောင်းသားဟောင်း ဆရာ ဆရာမများ ဖုန်း-၀၂-၃၃၂၈၀၊ ဒေါ်မြတ်သူဇာ ဖုန်း-၀၂-၃၂၈၈၁၊ ဦးအောင်မော်လတ် (ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ) ဖုန်း -၀၉-၅၀-၄၆၄၀၇၊ ဦးသိန်းထွန်းဇော် (ဦးစီးအရာရှိ၊ မန္တလေးမြို့တော် မြေစာရင်းဦးစီးဌာန) ဖုန်း-၀၉-၂၀-၀၃၂၃၄၊ ဦးလှိုင်ဘွား (မန္တလေး) ဖုန်း-၀၉-၅၁-၃၅၇၄၇၊ ဒေါ်ပုလဲ(ရန်ကုန်မြို့) ဖုန်း-၀၉-၅၁-၉၁၁၅၀၊ ဒေါ်ကြည်ကြည်ငွေ (ရန်ကုန်မြို့) ဖုန်း-၀၁-၇၀၃၈၁၆ နှင့် မန္တလေးမြို့ရှိ အမှုဆောင်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာအုပ် စာပေ လှူမိတ်ဆွေ

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်

ကျေးရွာစာကြည့်တိုက်များအတွက် ဂျာနယ်များ လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၂၄

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်အတွင်းရှိ နာဂစ်လေမုန်တိုင်းဒဏ်ခံရပြီး ပြန်လည်ထူထောင်ထားသည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် မြန်မာပို့စ်ဂျာနယ်များ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၈ရက် ညနေ ၃နာရီက ရန်ကုန်မြို့ ဆရာစံလမ်းနှင့် အနောက်မြင်းပြိုင်ကွင်း လမ်းထောင့်ရှိ မြန်မာပို့စ်ဂျာနယ်တိုက်၌ ကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးသောင်းနှင့် ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးများမှ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိက အဖွင့်အမှာစကားပြောကြားပြီး အလှူရှင် ယူနိုက်တက်မီဒီယာဂရု(ပ်) မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်ကိုယ်စား မြန်မာပို့စ်ဂျာနယ် ဖြန့်ချိရေးမန်နေဂျာ ဦးဆွေမြင့်က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာပို့စ်ဂျာနယ် ဖြန့်ချိရေး မန်နေဂျာ ဦးဆွေမြင့်က မြန်မာပို့စ်ဂျာနယ်စောင်ရေ ၁၂၅၀ (တန်ဖိုးငွေကျပ် ၅၃၁၂၅၀)ကို ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရွှေထံ ပေးအပ်လှူဒါန်းသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

ရန်ကုန်ယူနိုက်တက်ရဲ့ လေးပွဲဆက်အနိုင်

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ ➤ ဖိုးသော်ဇင်

ရန်ကုန် ဒီဇင်ဘာ ၂၄

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် (၄၂)ကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းက ကမ္ဘောဇအသင်းကို လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိသွားပါတယ်။

ရန်ကုန်ယူနိုက်တက်အသင်း	-	**လေးဂိုး။**
ကမ္ဘောဇအသင်း	-	**နှစ်ဂိုး။**

ပထမအကျော့

ပထမအကျော့တုန်းက တစ်ဂိုးစီသရေကျထားပေမယ့် မထင်မှတ်ဘဲ ရန်ကုန်ယူနိုက်တက်အသင်းက ဂိုးသွင်းစွမ်းရည်ပြပြီး ဂိုးပြတ်အနိုင်ရသွားခဲ့ပါတယ်။ အခုပွဲအနိုင်ရခဲ့တဲ့ ရန်ကုန်ယူနိုက်တက်အသင်းကတော့ ၁၆မှတ် ရရှိပြီး ၁၈မှတ်နဲ့ တတိယနေရာမှာရှိနေတဲ့ ကမ္ဘောဇအသင်းကို အနီးကပ်ဖိအားပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။

ရန်ကုန်ယူနိုက်တက်အသင်းဟာ နိုင်ငံခြားကစားသမားတွေဖြစ်တဲ့ ကိုနေး၊ ဟန်ဆန်၊ ဂေးလ်အက်စ်၊ ဘန်ယိုလက်၊ ဘမ်ဘာတို့ ငါးဦးစလုံးကို တစ်ပြိုင်နက်အသုံးပြုပြီး မျိုးမင်းထွန်း၊ ဌေးအောင်၊ ရွှေလှိုင်ဝင်းတို့နဲ့တွဲပေးထားခဲ့ပါတယ်။ ဒုတိယအကျော့ အစကတည်းက နိုင်ပွဲတွေဆက်တိုက်ရနေတဲ့ ရန်ကုန်ယူနိုက်တက်အသင်းဟာ အခုပွဲမှာလည်း ခြေစွမ်းပြနိုင်ခဲ့ပြီး ဂိုးသွင်းစွမ်းရည်လည်း ပြခဲ့ပါတယ်။ ရန်ကုန်ယူနိုက်တက်အသင်းဟာ နောက်ဆုံးလေးပွဲမှာ ၁၃ဂိုးအထိ သွင်းပြီး ဂိုးသွင်းစွမ်းရည်ပြသထားပါတယ်။ အခုပွဲမှာလည်း ဘမ်ဘာ၊ မျိုးမင်းထွန်းနဲ့ ဂေးလ်အက်စ်တို့ ခြေစွမ်းပြကစားနိုင်ခဲ့ပြီး တိုက်စစ်မှူး ကိုနေးကတော့ ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ပါဘူး။ ဒါ့အပြင် ဂိုးသမားအောင်အောင်ဦးလည်း သေချာပေါက်ဂိုးအချို့ကို ကာကွယ်ပေးနိုင်ခဲ့ပါတယ်။

အနိုင်

ရန်ကုန်ယူနိုက်တက်အသင်းဟာ တောင်ပံနှစ်ဖက်က အဓိကတိုက်စစ်ဆင်ခဲ့တာဖြစ်ပြီး ကမ္ဘောဇနောက်တန်းမထိန်းနိုင်ခဲ့ပါဘူး။ ရန်ကုန်ယူနိုက်တက်အတွက် အနိုင်ဂိုးတွေကို ၁၁မိနစ်မှာ ဂေးလ်အက်စ်၊ ၁၂မိနစ်နဲ့ မိနစ် ၃၀မှာ ဘမ်ဘာနဲ့ ၇၅မိနစ်မှာ အသင်းခေါင်းဆောင် မျိုးမင်းထွန်းတို့က သွင်းယူပေးခဲ့ပါတယ်။

ခြေစွမ်းမညံ့

ကမ္ဘောဇအသင်းဟာ ဂိုးပြတ်ရှုံးနိမ့်ခဲ့ပေမယ့် ခြေစွမ်းမညံ့ခဲ့ပါဘူး။ အပြန်အလှန်ကစားနိုင်ခဲ့သလို ဂိုးသွင်းခွင့်တွေရခဲ့ပေမယ့် အသုံးမချနိုင်ခဲ့တာကြောင့် အခုလို ဂိုးပြတ်သွားရတာပါ။ တိုက်စစ်မှာ စိုးမင်းဦးနဲ့ ကျော်သီဟတွဲပေးထားပြီး ရန်ကုန်နောက်တန်းကို အလုပ်ပေးနိုင်ခဲ့ပေမယ့် ချေပဂိုးပြန်ရအပြီးမှာ ဂိုးတွေထပ်ပေးခဲ့ရတာကြောင့် အရေးနိမ့်ခဲ့တာပါ။ ကမ္ဘောဇအတွက် ချေပဂိုးတွေကို ၁၇မိနစ်မှာ ကျော်သီဟနဲ့ ၆၂မိနစ်မှာ စိုးမင်းဦးတို့က သွင်းယူပေးခဲ့ပါတယ်။

၂၆-၁၂-၂၀၀၉

သုဝဏ္ဏကွင်း

ရတနာပုံ-ဆောက်သမ်းမြန်မာ

ရန်ကုန်ယူနိုက်တက်မှ ဂေးလ်အက်စ်နှင့် ကမ္ဘောဇမှ ဟန်ဝင်းအောင်တို့ ဤသို့ အကြိတ်အနယ်။ (မြန်မာ့အလင်း)

၁၉၉၁-၁၉၉၂ခုနှစ် စိုက်ပျိုးရေးတက္ကသိုလ် ရေဆင်းကျောင်းသား ကျောင်းသူ ဟောင်းများ၏ စတုတ္ထအကြိမ်မြောက် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၀ ရက်က အနောက်ရွှေဂုံတိုင်လမ်း တော်ဝင်နှင်းဆီ၌ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်းများက ဆရာ ဆရာမများအား ပူဇော်ကန်တော့ကြစဉ်။ (၁၁၉)

ရေတာရှည်တွင် မိုးစပါးစံကွက်ရိတ်သိမ်း အထွက်နှုန်းမှန်ကန်ရေး ပညာပေးဆွေးနွေး

ရေတာရှည် ဒီဇင်ဘာ ၂၀

တောင်ငူခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးပွင့်သူအောင်သည် ရေတာရှည်မြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးဟန်ငြိမ်းနှင့်ဝန်ထမ်းများနှင့်အတူ ၂၀၀၉ခုနှစ် မိုးစပါးစံကွက် ရိတ်သိမ်းခြင်းကို နိုဝင်ဘာ၂၂ရက် နံနက်၉နာရီက ရေတာရှည်မြို့နယ် ကြံသန္ဓယ်ကျေးရွာ အုပ်စု ကွင်းအမှတ်(၆၇၃) ဦးပိုင်အမှတ်(၁၃)ရှိ ဒေါ်မကြီး၏ ရောမင်းစပါးစံကွက် ရိတ်သိမ်းကြရာ တစ်ဧကေပျမ်းမျှ ၇၀ဒသမ၆၅တင်း ထွက်ရှိသည်။

ထွက်ရှိ

အလားတူပင် ညောင်ပင်သာကျေးရွာအုပ်စု ကွင်းအမှတ်(၆၅၇/ခ) ဦးပိုင်အမှတ်(၂၈) ရှိ လယ်သမား ဦးအောင်စိန်၏ မနောသုခစပါးမျိုးစံကွက်ကို ရိတ်သိမ်းကြရာ တစ်ဧက ပျမ်းမျှ ၉၃ဒသမ၀၄တင်း ထွက်ရှိသည်။ **(အောက်ပုံ)**

စံကွက်ရိတ်သိမ်းအပြီးတွင် ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးပွင့်သူအောင်က စပါး တစ်ဧကအထွက်နှုန်း မှန်ကန်ရေး စံကွက်ရိတ်သိမ်းခြင်းနည်းလမ်းများကို ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် တောင်သူလယ်သမားများအား တွေ့ဆုံ ပညာပေးဆွေးနွေးခဲ့သည်။ **(မြို့နယ်မြေစာရင်းဦးစီးဌာန)**

အထက(၆)ဗိုလ်တထောင် မြတ်ဆရာပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၄

အထက(၆) ဗိုလ်တထောင် (ယခင်စိန့်ပေါလ်)တွင် ၁၉၆၅ ခုနှစ်မှ ၂၀၀၉ခုနှစ် အထိ ပညာသင်ကြားပေးခဲ့ကြသော သက်ပြည့်အငြိမ်းစားယူခဲ့ကြသည့် ဆရာကြီး ဆရာမ ကြီးများအား ကျောင်းသားဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ ခုနှစ် မတ်၂ရက် (တောင်သူလယ်သမားနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း ဘတ်စကက်ဘောကစားကွင်း၌ကျင်းပမည်ဖြစ်ပြီး မြတ်ဆရာပူဇော်ပွဲ အထိမ်းအမှတ် မိတ်ဆုံစားပွဲကိုလည်း ယင်းနေ့ညနေတွင်ကျင်းပရန် စီစဉ်ထားသည်။

လှူဒါန်း

မြတ်ဆရာပူဇော်ပွဲသို့ အပူဇော်ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားဟောင်း များသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ဦးသိန်းဆွေ ဖုန်း-၂၄၁၂၂၄၊ ဦးမောင်မောင်အေး ဖုန်း- ၂၂၇၃၂၂၊ ဦးကျော်ဦးမြင့် ဖုန်း-၅၃၅၈၉၃၊ ၀၉-၈၀၂၀၅၆၅၊ ဦးမင်းထွဋ် ဖုန်း- ၀၉-၅၁၃၈၀၉၅၊ ဦးသက်ချိုဦး ဖုန်း-၀၉-၅၀၁၆၀၅၇၊ ဦးဝင်းလှိုင်ညွှန့် ဖုန်း-၂၄၆၃၁၃၊ ဦးမြင့်ထွန်း(ကိုလတ်) ဖုန်း-၂၄၉၃၅၉၊ ၀၉-၅၁၀၁၇၅၁၊ ဦးခင်မောင်သန်း ဖုန်း- ၂၅၄၇၅၀၊ ဦးတော်မီတင်ဦး ဖုန်း-၀၉-၅၁၁၄၇၃၀၊ ဦးတေဇာအောင်လွင် ဖုန်း- ၀၉-၅၁၃၃၃၇၁၊ ကိုမြတ်မင်းစိုး ဖုန်း-၅၄၅၃၂၇ နှင့် ကိုညွန့်ဝင်း ဖုန်း-၃၈၅၀၆၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဆေးတက္ကသိုလ်(၁) (၁၉၆၆-၁၉၇၃) ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၄

ဆေးတက္ကသိုလ်(၁)ရန်ကုန်သို့ ၁၉၆၆ခုနှစ်မှ စတင်ဝင်ရောက်၍ ၁၉၇၃ခုနှစ်နှင့်နောက်ပိုင်း ဘွဲ့ရရှိခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ မိတ်ဆုံညစာစားပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂ရက်(စနေနေ့) ညနေ၆ နာရီ တွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်း ကန်သည်ကြီးများဟိုတယ်၌ ကျင်းပ မည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိ လိုပါက ဒေါက်တာအေးမောင်ဟန် ဖုန်း-၃၇၇၆၉၀၊ ဒေါက်တာခင်မောင် လွင် ဖုန်း-၀၉-၅၀၁၈၆၆၄၊ ဒေါက်တာ သန်းအောင် ဖုန်း-၀၉-၈၀၃၄၀၇၁၊ ဒေါက်တာသန်းနိုင် ဖုန်း-၃၉၆၆၀၇ နှင့် ဒေါက်တာဆင့်ဆင့် ဖုန်း- ၂၂၂၄၉၁ တို့သို့ ဆက်သွယ်မေးမြန်း နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဒီဇင်ဘာ ၁၂ရက်က ၂၀၀၉ခုနှစ် (၃၅)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင် ပြိုင်ပွဲတွင် စွယ်စုံတံခွန်စိုက်ဒိုင်းဆုရရှိသော ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းအား မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက ဒိုင်းဆုချီးမြှင့်စဉ်။ (မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်)

ကော့သောင်း၌ ကြယ်တာရာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ကော့သောင်း ဒီဇင်ဘာ ၂၁

ကော့သောင်းမြို့နယ် (၁၀)မိုင်ကျေးရွာအုပ်စု ကံပုံကျိုးကျေးရွာ ကြယ်တာရာစာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၃ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင် ထွန်းသိန်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိဒေါ်ကေသီ ရှိန်၊ မြို့နယ်ဦးစီးမှူးဒေါ်မေဇင်ဦး၊ (၁၀)မိုင် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကိုကိုလွင်နှင့် လူမှု ရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

အခမ်းအနားတွင် စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်ဥက္ကဋ္ဌ၊ ခရိုင် ဦးစီးအရာရှိနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင် ထွန်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးပြော ကြားသည်။ ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်မေဇင်ဦးက စာအုပ်များပေးအပ်လှူဒါန်း ရာ စာကြည့်တိုက်တာဝန်ခံက လက်ခံယူ သည်။

မှာကြား

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျောက်ကြီး၌ မိုးစပါးစံကွက်ရိတ်သိမ်း

ကျောက်ကြီး ဒီဇင်ဘာ ၁၅

တောင်ငူခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးပွင့်သူအောင်သည် ကျောက်ကြီးမြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးမြင့်ဝေနှင့် ဝန်ထမ်းများနှင့်အတူ ၂၀၀၉ခုနှစ် မိုးစပါး စံကွက် ရိတ်သိမ်းခြင်းကို နိုဝင်ဘာ ၁၀ရက် နံနက်၉နာရီက ကျောက်ကြီးမြို့နယ် နောင် ကုန်းအုပ်စု ကွင်းအမှတ်(၇၈/က) ဦးပိုင် အမှတ်(၂၄/၁)ရှိ လယ်သမား ဦးအုန်းမောင် ၏ ရွှေဝါထွန်းစပါးစံကွက် ရိတ်သိမ်းကြရာ တစ်ဧကပျမ်းမျှ ၇၈ဒသမ၆၉တင်း ထွက်ရှိ သည်။

စံကွက်ရိတ်သိမ်းအပြီးတွင် ခရိုင်မြေ စာရင်းဦးစီးဌာနမှူး ဦးပွင့်သူအောင်က စပါး တစ်ဧကအထွက်နှုန်းမှန်ကန်ရေး စံကွက် ရိတ်သိမ်းခြင်းနည်းလမ်းများကို ကျေးရွာ အုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ တောင်သူလယ်သမားများ အား တွေ့ဆုံပညာပေးဆွေးနွေးခဲ့သည်။

(မြို့နယ်မြေစာရင်းဦးစီးဌာန)

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ပခုက္ကူမြို့ ဆုကြီးပန်တောင်ပေါ်ရှိ မြို့ရေပေးဝေမှု ရေလှောင်ကန်မှ သန့်ရှင်း သော သောက်သုံးရေဖြန့်ဝေနိုင်ရေး ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေး ရာ အမှုဆောင်အရာရှိ ဦးသက်ပိုင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

လေးမျက်နှာမြို့နယ် အလကနှင့် အထကကျောင်းများ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၄

ဧရာဝတီတိုင်း လေးမျက်နှာမြို့နယ် အလကနှင့် အထကကျောင်းများ၏ တတိယအကြိမ် မြတ်ဆရာ ပူဇော်ပွဲကို ဒီဇင်ဘာ၂၆ရက်တွင် လည်းကောင်း၊ လေးမျက်နှာမြို့နယ် လှော်ကထား အထက၏ ပဌမ အကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ရက်တွင် လည်းကောင်း ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများ ကြွရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရ သည်။ (မြန်မာ့အလင်း)

မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် သုဇာတာ ၁၀ လမ်း အမှတ် ၈၀၇ နေ ဇနီးဒေါ်မိုးမိုးမိသားစုက ဦးညွှန့်ဝေအားရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံး လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

လှိုင်ကော်၌ ဒီဇင်ဘာအားကစားလှုပ်ရှားမှု မြေစိုက်ပိုစတာဖွင့်

လှိုင်ကော် ဒီဇင်ဘာ ၂၀

၂၀၀၉ ခုနှစ် ဒီဇင်ဘာအားကစားလှုပ်ရှားမှု မြေစိုက်ပိုစတာ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက် ၉နာရီခွဲက ကယားပြည်နယ် လှိုင်ကော်မြို့ မြို့တော်ခန်းမရှေ့၌ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဖရန်စစ္စကိုက ဒီဇင်ဘာအားကစားလှုပ်ရှားမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌက ဒီဇင်ဘာအားကစားလှုပ်ရှားမှု မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

စဉ့်ကူးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

စဉ့်ကူး ဒီဇင်ဘာ ၂၃

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ၂၀၀၉-၂၀၁၀ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂၈ ရက် နံနက် ၈ နာရီက ရွှေပြည်ကျေးရွာအုပ်စု ရွှေမြင်တင်ကွင်း ကွင်းအမှတ်(၄၉/က) ဦးပိုင်အမှတ်(၆၇) တောင်သူ ဦးဖိုးငွေး၏ လယ်မြေ ၅ ဒသမ ၉၃ ဧက၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းထွန်း၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာဦးကျော်ကျော်ညွှန့်နှင့် ဝန်ထမ်းများ၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။ **(အပေါ်ပုံ)**

စိုက်ပျိုး

ထို့နောက် တောင်သူဦးဖိုးငွေး၏ မနောသုခမိုးစပါးစံကွက်ကို ရိတ်သိမ်းကြရာ တစ်ဧက ပျမ်းမျှစပါး ၁၀၅တင်းထွက်ရှိသည်။ ဆက်လက်၍ စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ရိတ်သိမ်းပြီးလယ်မြေများတွင် ဆီထွက်သီးနှံပဲမျိုးစုံ ဆက်လက်စိုက်ပျိုးရေးဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးကြသည်။ စဉ့်ကူးမြို့နယ်သည် ၂၀၀၉-၂၀၁၀ခုနှစ်တွင် မိုးစပါး ၂၁၅၃၆ဧက စိုက်ပျိုးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဈေးမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်မှုကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးအရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းလေ့ကျင့်ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမောင်ဝင်း ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဈေးမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်မှုကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းလေ့ကျင့်ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးစိုးသန်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ယင်းမာပင်၌ စုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲ

ယင်းမာပင် ဒီဇင်ဘာ ၂၂

မုံရွာခရိုင် ယင်းမာပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ဒီဇင်ဘာ အားကစားလှုပ်ရှားမှုအဖြစ် စုပေါင်းလမ်းလျှောက်ပွဲ ပထမပတ်ကို ဒီဇင်ဘာ ၅ရက် နံနက် ၅ နာရီကကျင်းပရာ စုရပ်အဖြစ် မြို့မဈေးကြီးရှေ့မှ ငါးမောင်းကျေးရွာလမ်းခွဲသို့ မြို့နယ်အတွင်းရေးမှူး ဦးသန်းဇော်ဝင်း၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မ (၄)ရပ်ကွက်အတွင်းမှ ပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပါဝင်ဆင်နွှဲကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် ဒီဇင်ဘာ၁၁ရက်က အမှုဆောင်အရာရှိ ဦးစောရွှေ၊ မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးလှမြင့်နှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့တို့ ဈေးအတွင်းမီးဖိုသုံးစွဲမှုရှိ မရှိနှင့် မီးဘေးကာကွယ်တားဆီးရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဘားအံအထက(၁) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ဘားအံ ဒီဇင်ဘာ ၂၃

ကရင်ပြည်နယ် ဘားအံမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက် (တနင်္ဂနွေ) နံနက် ၉နာရီခွဲတွင် အဆိုပါကျောင်း မြသံလွင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဘားအံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားဆရာကြီး ၃၃ဦး၊ ဆရာမကြီး ၈၂ဦး စုစုပေါင်း၁၁၅ဦးတို့အား ပူဇော်မည်ဖြစ်ရာ လှူဒါန်းလိုသော ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးငွေစိုး (စိုးဘရားသား တည်းခိုခန်း) ဖုန်း-၀၅၈-၂၁၃၇၂၊ ဦးအောင်ပိုက် ဖုန်း-၀၅၈-၂၁၃၆၇၊ အထက(၁) ကျောင်းအုပ်ကြီး ဖုန်း-၀၅၈-၂၁၀၅၅၊ ဦးသန်းရွှေ(ရန်ကုန်) ဖုန်း-၀၁-၅၄၈၂၀၉၊ ဦးအောင်ဆန်း(ရန်ကုန်) ဖုန်း-၀၉၅-၁၇၄၀၅၈၊ ဦးအောင်သန်း ဖုန်း-၀၉၈-၇၃၀၆၉၅နှင့် ဦးဆွေဝင်း ဖုန်း-၀၅၈-၂၁၆၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၀၈)

တကောင်း၌ မိုးစပါးစံကွက်ရိတ်သိမ်း

တကောင်း ဒီဇင်ဘာ ၂၀

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် တကောင်းမြို့၏ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂၇ ရက်က တကောင်းမြို့ အင်းနက်ကျေးရွာအုပ်စု ဖုန်ကုန်းကျေးရွာ ကွင်းအမှတ်(၆၂) ကျွဲကူးအရှေ့ကွင်း ဦးပိုင်အမှတ်(၇) တောင်သူ ဦးတင်မြင့်ဆွေ၏ မိုးစပါးစိုက်ခင်း၌ ကျင်းပသည်။

ထွက်ရှိ

အခမ်းအနားသို့ မြို့အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့စိုက်ပျိုးရေးမန်နေဂျာ ဦးခင်ဇော်၊ မြို့မြေစာရင်းဦးစီးဌာနမှူး ဦးထွန်းမင်းနိုင်၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ကြပြီး စံကွက်ရိတ်သိမ်းရာ တစ်ဧကအထွက်နှုန်း ၁၀၁ ဒသမ ၉၂ တင်းနှုန်း ထွက်ရှိသည်။ ***(မြို့နယ် ပြန်/ဆက်)***

သရက်ချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်စိုးနှင့် အဖွဲ့ဝန်ထမ်းများ ဒီဇင်ဘာ၂ရက်က အဖွဲ့ပိုင် မြို့မဈေး သားငါးတန်းအတွင်း ယင်လုံဆန်ခါဖြင့် ရောင်းချနေမှုကို မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မိုးစပါးသီးနှံများ ရိတ်သိမ်းခြွေလှေ့၊ သိုလှောင်ရာတွင် အလေအလွင့်မရှိစေရေးနှင့် ဆန်ထွက်ကောင်းမွန်ရေးအတွက် နှိုးဆော်ချက်

၁။ ယခုအချိန်အခါတွင် မိုးစပါးများ စတင်ရိတ်သိမ်းနေပြီဖြစ်ပါသည်။ စပါးရိတ်သိမ်းနယ်လှေ့ခြင်းနှင့် ဆန်အရည်အသွေး ဆက်နွယ်လျက်ရှိသည်ကိုလည်း စပါးစိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားအများစုအနေဖြင့် သိရှိပြီး ဖြစ်ပါသည်။ ဆန်အကျိုးအကြေအနည်းဆုံးဖြစ်စေရေးအတွက် စပါးကိုမောင်းညှိချိန်၌ ရိတ်သိမ်းရန် လိုအပ်ပါသည်။ စပါးပင်တစ်ပင်လုံး၏ ၈၅ရာခိုင်နှုန်းခန့်သည် အဝါရောင်သန်းလာပါက မောင်းညှိချိန်ကာလဟု သတ်မှတ်၏။ စပါးအစိုဓာတ်ဖြင့် တိုင်းတာပြောဆိုလျှင် ၁၉-၂၀ရာခိုင်နှုန်းအတွင်း ရှိနေချိန်ဖြစ်၏။ စပါးအဝါရောင်သန်းလာသည်နှင့်အမျှ စတင်ရိတ်သိမ်းသင့်ပါသည်။

၂။ ရိတ်သိမ်းပြီး စပါးကောက်လှိုင်းများကို ကန်သင်းပေါ်တွင်ဖြစ်စေ၊ အခြားသင့်တော်ရာ တစ်နေရာတွင်ဖြစ်စေ အချိန်ကြာမြင့်စွာ စုပုံထားပါက စပါးသည် စိုလိုက်၊ ခြောက်လိုက် ဖြစ်နေခြင်းကြောင့် အဆစ်ကျိုးစပါးများ ဖြစ်ပေါ်လာပါသည်။ အဆစ်ကျိုးစပါးများ ဖြစ်ပေါ်လာပါက ဆန်ကြိတ်ထွက်နှုန်းကို ထိခိုက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ စက်ဖြင့် ရိတ်သိမ်း၊ ခြွေလှေ့ခြင်းကို ဆောင်ရွက်ရပါမည်။ ခြွေလှေ့ပြီးစပါးများကို သိုလှောင်ရာတွင်လည်း အစိုဓာတ် မတူညီသောစပါးများကို တစ်ခုနှင့်တစ်ခု ရောပုံမိလျှင် အဆစ်ကျိုးစပါးများ ဖြစ်ပေါ်လာရန် အခွင့်အလမ်းများရှိခြင်းကြောင့် တတ်နိုင်သမျှ ခွဲခြားထားရန် လိုအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စပါးရိတ်သိမ်းခြွေလှေ့၊ သိုလှောင်ရာတွင် အလေအလွင့် မရှိစေရန်အတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နှိုးဆော်လိုက်ပါသည်-

(က) စပါးအလေအလွင့်မရှိစေရန်မောင်းညှိချိန်တွင်(ရင့်မှည့်ချိန်)တွင် ရိတ်သိမ်းပါ။

(ခ) ရိတ်သိမ်းပြီးကောက်လှိုင်းများကို စုပုံမထားဘဲ တလင်းပျောက်စနစ်ဖြင့် ချက်ချင်း ခြွေလှေ့ခြင်း၊ သိမ်းဆည်းခြင်းကို အလေးပေး ဆောင်ရွက်ပါ။ ဖြစ်နိုင်ပါက စက်ဖြင့်ရိတ်သိမ်းခြွေလှေ့ပါ။

(ဂ) စပါးအပြီး ဆောင်းသီးထပ် (ပဲသီးနှံ+ဆီထွက်သီးနှံ) စိုက်ပျိုးသောဒေသများတွင်ရိတ်သိမ်းပြီး ကောက်လှိုင်းများကို ကန်သင်းပေါ်တွင် အချိန်ကြာမြင့်စွာ စုပုံထားခြင်း အလေ့အထကိုရှောင်ကြဉ်ရန် လိုအပ်ပါသည်။ ကောက်လှိုင်းများကို အချိန်ကြာမြင့်စွာ စုပုံထားခြင်းဖြင့် အဆစ်ကျိုးစပါးများ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။

(ဃ) ခြွေလှေ့ပြီးစပါးများကို အစိုဓာတ်၁၄ရာခိုင်နှုန်းအောက်ရရှိစေရန် နေလှန်း၍ အမိုးအကာအောက်ရောက်အောင် ဆောင်ရွက်ပါ။

(င) ရိတ်သိမ်းပြီး ကောက်လှိုင်းများကို ချက်ချင်းခြွေလှေ့ရန် အချိန်မမီပါက လယ်ကွက်ထဲတွင်မထားဘဲ အမိုးအကာအောက်ရောက်အောင် ချက်ချင်းပို့ခြင်းသို့မဟုတ် ကောက်လှိုင်းများရွှေ့ပြောင်းရန် အချိန်မမီပါက တာလပတ်၊ ပလတ်စတစ် စသည့် အမိုးအကာနှင့် ဖုံးအုပ်ထားပါ။

(စ) တလင်းအတွင်း ကောက်ပြန့်တွင်မိုးမိပါက ကောက်ရိုးများ အမြန်ဆုံးဖယ်ရှားပြီး ရေစိုစပါးများကို နေလှန်းအခြောက်ခံပါ။

(ဆ) ကောက်လှိုင်းများခြွေခြင်း၊ ခြွေပြီးစပါးများ အမြန်ရွှေ့ပြောင်းခြင်း၊ ကောက်လှိုင်းများ အဖုံးအကာများဖြင့် ဖုံးအုပ်ခြင်းစသော လုပ်ငန်းများကို လက်စားလိုက်စနစ်ဖြင့်လည်းကောင်း၊ ဖွဲ့စည်းထားသော ဆယ်လယ်စု အင်အားဖြင့်လည်းကောင်း၊လူအင်အား၊စက်အင်အား အပြည့်အဝအသုံးပြု၍လည်းကောင်း ဆောင်ရွက်ပါ။

(ဇ) ခြွေလှေ့ပြီးစပါးများကို စပါးအခြောက်ခံကိရိယာ(Paddy Dryer)များကို အသုံးပြု၍ အစိုဓာတ်များကို လျော့နည်းအောင် ဆောင်ရွက်ပါ။

(ဈ) စပါးမသိုလှောင်မီ ဖုန်၊ သဲ၊ ခဲများမပါဝင်စေရန် စနစ်တကျ သန့်စင်ပေးရပါမည်။ ဆန်ဝါဖြစ်စေနိုင်သော အဏုဇီဝပိုးများသည် သိုလှောင်ရုံတွင် ဖုန်၊ သဲ၊ ခဲများနှင့်အတူ တွယ်ကပ်ပေါက်ပွား လှုပ်ရှားနိုင်သောကြောင့် ဖုန်၊ သဲ၊ ခဲ မပါဝင်စေရန် ဆောင်ရွက်ရပါမည်။

၄။ အထက်ပါအချက်များကို စပါးစိုက်ပျိုးထုတ်လုပ်သူများ တိတိကျကျ လိုက်နာဆောင်ရွက်ကြရန်နှင့် အကယ်၍ မလိုက်နာပါက လယ်တစ်ဧကလျှင် စပါးသုံးတင်းနှင့်အထက် လေလွင့်ဆုံးရှုံးနိုင်ပါသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံး၏ မိုးစပါးစိုက်ဧက ၁၇ သန်းမှ စပါးတင်း ၅၁သန်း လေလွင့်ဆုံးရှုံးနိုင်ပြီး ယင်းပမာဏသည်လူဦးရေ ၃ဒသမ ၄သန်းအတွက် တစ်နှစ်စာစားသုံးနိုင်ပါသည်။ထို့အပြင် ဝယ်ယူ၊ သိုလှောင်၊ကြိတ်ခွဲရာတွင် ဆန်အရည်အသွေးညံ့ဖျင်းသည့် ဆန်ဝါများဖြစ်စေပြီး ဆန်အကျိုးအကြေများ၍ ဈေးကွက်တွင် ရောင်းပန်းမလှဖြစ်ခြင်း၊ စားသုံးရာတွင် အဆင့်မမီခြင်းများ ဖြစ်ပေါ်စေပါသည်။

၄။ ဖော်ပြပါအချက်များကိုကျော်လွှားနိုင်ရန် ဤနှိုးဆော်ချက်များကိုစွမ်းနိုင်သမျှလိုက်နာကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။
* RFA, DVB - သွေးထိုးနေသည်။
* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* နားမယောင်လေနဲ့ သတိထား။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၁) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဒီဇင်ဘာ ၂၄

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်မိန့်ခွန်းပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❐

အလေးပြု

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အား ဗိုလ်လောင်း တပ်ခွဲများ ချီတက်အလေးပြုကြစဉ်။(သတင်းစဉ်)

တိမ်အသင့်အတင့်

နေပြည်တော်နှင့်အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး